




SAMPLE BOOK



သံယောဇဉ်တွယ်၍ နှယ်

9 782024 001041

mgyoe.com
SAMPLE BOOK

စာရိပ်ငြိမ်အမှတ်စဉ် (၁၀၄)

# ပုံနှိပ်မှတ်တမ်း



## ထွန်းတောက်ထွန်း(သချာ)

## သံယောဇဉ်တွယ်...နွယ်

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၄ ခုနှစ်၊ ဇက်တင်ဘာလ

မျက်နှာဖုံးဒီဇိုင်း ♦ မြင့်မောင်ကျော်

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၁၀၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်ငြိမ်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်ငြိမ်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

ထွန်းတောက်ထွန်း(သချာ)
သံယောဇဉ်တွယ်...နွယ် / ထွန်းတောက်ထွန်း(သချာ)။ ရန်ကုန်
စာရိပ်ငြိမ်စာပေ။ ၂၀၂၄။
စာမျက်နှာ - ၂၀၈၊ ၁၃.၉၇ စင်တီ × ၂၀.၃၂ စင်တီ
(၁၀၄) သံယောဇဉ်တွယ်...နွယ်

mgyoe.com

mgyoe.com SAMPLE BOOK

စာ
ရိပ်
မြိုင်

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၁။ | ဖျိုး | အညာရယ် အလွမ်းရယ် မိချောရယ် |
| ၂။ | မယ်စု | အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေး |
| ၃။ | နိုင်းနိုင်းစနေ | နောက်ဆုံးနတ်သူငယ် |
| ၄။ | လင်းရောင်နီ၊စဘော၊ | ရိုးရာနှင့်အညာဓလေ့ဝတ္ထုတိုများ |
| ၅။ | တင်မောင်မြင့် | အချစ်ရိုင်းရဲ့ အရိုင်းချစ် |
| ၆။ | မိုင်ရာ | တစ္ဆေညရဲ့ သန်းခေါင်ယံ |
| ၇။ | မိုးစက်ငြိမ်း | စိတ်အတွက် ဖတ်စာ |
| ၈။ | လူခါး | ဦးအောင်သင်းကို မော့ကြည့်ခြင်း |
| ၉။ | နိုင်းနိုင်းစနေ | တစ်သက်တာအဖော် |
| ၁၀။ | ခင်သန္တာ | မလွန်ခင်လေး လွမ်းရအောင် |
| ၁၁။ | ဆွေဇင်နေမင်း | ခေါင်မိုးများ |
| ၁၂။ | ဝါဝါတင့်ဆွေ | အက်ဒ်ဒီ |
| ၁၃။ | နေထွန်းလင်း | ငါ့ဘဝအတွက် ငါ လုပ်နိုင်တယ် |
| ၁၄။ | ခင်မြဇင် | ဆည်းဆာချိန် တိမ်နီများ |
| ၁၅။ | စူးရှမေ | ခွင့်လွှတ်ခြင်းဖြင့် လွတ်မြောက်ခြင်း |
| ၁၆။ | နဒီလင်းသစ်၊ဆေး-၂ | အိမ်ထောင့်သုခ |
| ၁၇။ | ရွှေဥဒေါင်း | ပထမ ဆရာသိန်း |
| ၁၈။ | နိုင်းနိုင်းစနေ | နလုံးသားနက်နက်မှာ ပွင့်တဲ့ ပန်း |
| ၁၉။ | ကိုလေးမြတ် | ကားဂိတ် |
| ၂၀။ | လင်းရောင်နီ၊စဘော၊ | ဒေါင်းမြရိ |
| ၂၁။ | ရွှေဥဒေါင်း | စစ်ရှုံးသူ |
| ၂၂။ | နိုင်းနိုင်းစနေ | နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ |
| ၂၃။ | ညီလေးငယ် | အဝါရောင်ကောင်းကင် |
| ၂၄။ | ဖျိုး | ဖယောင်း ဥယျာဉ် |
| ၂၅။ | သက်ပိုင်မြန်မာပြည်၊ | သမီးရတနာ |
| ၂၆။ | နိုင်းနိုင်းစနေ | ပျော်ရွှင်ဖို့ ဗီလောက် မခက်ခဲပါစေနဲ့ |
| ၂၇။ | ထက်ဘုန်းရှိန် | မင်းရဲ့ ကိုယ်ပိုင်ပုံစံလေးအတိုင်းသာ |
| ၂၈။ | နိုင်းနိုင်းစနေ | မသွားရရင် သေနိုင်တယ် |

mgyoe.com

mgyoe.com SAMPLE BOOK

စာ
ရိပ်
မြိုင်

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၂၉။ | ဒေါက်တာအောင်ဆေး-၂ | အတွေးတို့၏ ဆွဲငင်အား |
| ၃၀။ | သစ်ခက်အိမ် | ဘာညာကွိကွ |
| ၃၁။ | ဝေဖီးပွားရေးတက္ကသိုလ်၊ | ဆူးဖယ်လက် |
| ၃၂။ | ညိုထွန်းလူ | ငါတို့ ရွာပြန်ကြရအောင် |
| ၃၃။ | လင်းရောင်နီ(စဘော) | ရွှေလွန်းပျံ ဘယ်ညာခတ်ပါလို့ |
| ၃၄။ | စိုးဘားဗိုင် | မျက်ကွယ်မြစ် |
| ၃၅။ | ရွှေဥဒေါင်း | ရူပနန္ဒီ ရူပကလျာဏီ |
| ၃၆။ | နိုင်းနိုင်းစနေ | ကံကောင်းခြင်း တံခါးလာခေါက်တဲ့အခါ |
| ၃၇။ | ထက်ဘုန်းရှိန် | အချစ်မြစ်ပြင်က မေတ္တာရေကြည်လေးတွေ |
| ၃၈။ | နိုင်းနိုင်းစနေ | ကျွန်တော် ဂျက်ကီချန်း |
| ၃၉။ | ပျိုး | လွမ်းနေဦးမည့် ငွေတောင်ပြည် |
| ၄၀။ | သက်ပိုင် | နွမ်းလျှငှက်ငယ် |
| ၄၁။ | အေထူးအောင်(အဏ္ဏဝါ) | တစ်ခါက ပင်လယ် |
| ၄၂။ | ခဲတံ | စိတ်ခံစားမှုများကို ကုစားခြင်း |
| ၄၃။ | ခွန်ညိုသွေး | နက္ခတ်ကြွေ ပျိုးခင်း |
| ၄၄။ | ထက်ဘုန်းရှိန် | ဘဝသမုဒ္ဒရာထဲက အစာအာဟာရ |
| ၄၅။ | လင်းသစ် | နက္ခတ်များတဲ့ ချစ်ခြင်း |
| ၄၆။ | ဂျူလိုင်ကျော်မင်း | တောင်ဇလပ်နီရောင် တိမ်တိုက်တွေ |
| ၄၇။ | နိုင်းနိုင်းစနေ | ကျွန်တော်တို့ ကလေးဆိုး မဟုတ်ပါ |
| ၄၈။ | စုမြတ်ချစ် | အဆိပ်သင့် နှလုံးသား |
| ၄၉။ | ထက်ဘုန်းရှိန် | ပျောက်ဆုံးအချစ် ကူးလွှင့်ပင်လယ် |
| ၅၀။ | နိုင်းနိုင်းစနေ | ထွက်ခွာသွားခြင်းအတွက် ကျေးဇူးပါ |
| ၅၁။ | မိုင်ရာ | ဝင့်ကြွေးရှိခဲ့သော် |
| ၅၂။ | ကိုလေးမြတ် | ရွာအကြောင်း၊ ရွာကလူတွေအကြောင်း |
| ၅၃။ | သိန်းသန်းထွန်း | ဘယ်ပန်းချီရေးလို့မှ မမီ |
| ၅၄။ | ပန်းငုဝါဝါ | ကမာရွတ်အိပ်မက်… လှည်းတန်းပုံပြင် |
| ၅၅။ | မင်းဝေယာင် | လရိပ်အောက်က မိုးတိမ် |
| ၅၆။ | ရွှေဥဒေါင်း | အကြံဉာဏ်ဖြင့် ကြီးပွားရေး |

mgyoe.com

mgyoe.com SAMPLE BOOK

စာ
ရိပ်
မြိုင်

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၅၇။ | နိုင်းနိုင်းစနေ | ဒေါက်တာ ဟင်နရီလီ ဖော်ထုတ်ခဲ့သော ဖြစ်ရပ်မှန် မှုခင်းများ |
| ၅၈။ | ထက်ဘုန်းရှိန် | အပန်းဖြေရာ အနားယူရာ |
| ၅၉။ | ခဲတံ | ပျော်ရွှင်သောစိတ်ထား |
| ၆၀။ | ညီလေးငယ် | မှုခြာမြိုင် |
| ၆၁။ | သားထွေး | ကိုယ်တိုင်လွတ်မြောက်ခြင်း |
| ၆၂။ | ပျိုး | အလွမ်းဖြင့် နွေးစေ |
| ၆၃။ | နဒီလင်းသစ်ဆေး-၂ | ၁၉၂၂ |
| ၆၄။ | ရဲမြတ် | ကုန်းဘောင်ရယ် လွမ်း |
| ၆၅။ | ဗန်းမော်တင်အောင် | မမကြီး |
| ၆၆။ | လင်းသစ် | အတွေးတို့ စေညွှန်ရာ |
| ၆၇။ | နိုင်းနိုင်းစနေ | ထင်ရှားသူတို့၏ ဘဝပုံပြင် |
| ၆၈။ | နိုင်းနိုင်းစနေ | လျှို့ဝှက်တဲ့ သန်းကြွယ်သူဌေး |
| ၆၉။ | နိုင်းနိုင်းစနေ | လျှို့ဝှက်ဥယျာဉ် |
| ၇၀။ | နိုင်းနိုင်းစနေ | ကျွန်မဖတ်ဖို့ |
| ၇၁။ | ခဲတံ | ကိုယ်တို့ တွဲကြရအောင် |
| ၇၂။ | ခဲတံ | ချစ်ခြင်းမေတ္တာဖြင့် ထိတွေ့ဆက်ဆံခြင်း အနုပညာ |
| ၇၃။ | နိုင်းနိုင်းစနေ | နလုံးသားဝန်ဆောင်မှု |
| ၇၄။ | စူးရှမေ | ချစ်ခြင်းမေတ္တာ၏ အုတ်မြစ်များ |
| ၇၅။ | ဗန်းမော်တင်အောင် | ပန်းများပွင့်သော ညတည |
| ၇၆။ | မင်းခန့်ပြည့် | လုပ်ငန်းခွင်ထဲက ခွျေတ်ကလေး |
| ၇၇။ | စူးရှမေ | ချစ်သောအမျိုးသားလေးထံသို့ |
| ၇၈။ | အာကာဦး | လမ်းဆုံးမှတ်ဥာဏ်များ |
| ၇၉။ | ဂျူလိုင်ကျော်မင်း | တစ်ခါက အဝါရောင်ဘုတာ |
| ၈၀။ | Aqua | အစိမ်းရောင် မော်ပညာရှင် |
| ၈၁။ | နဂါးမောင်မောင်သဘာဝကျွန်ရ | စိတ်ပိညာဉ်အဖိုင်းအစများ |
| ၈၂။ | နိုင်းနိုင်းစနေ | ထူးဆန်းတဲ့ အမေရိကန်လူမျိုး |
| ၈၃။ | လင်းသစ် | တွေးထင်ထားတဲ့အတိုင်း ဖြစ်မလာတဲ့အခါ |

mgyoe.com

mgyoe.com SAMPLE BOOK

စာ
ရိပ်
မြိုင်

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၈၄။ | လင်းသစ် | လုပ်ငန်းစွမ်းဆောင်ရည်မြှင့်လမ်းညွှန် |
| ၈၅။ | လင်းရောင်နီစဘော | ပင်လက်ပံ ကြွေချိန်ကျပြီမို့ |
| ၈၆။ | မြမြဆွေ၊စိတ်ပညာ၊ | မိမိစိတ်ကို ထိန်းချုပ်ခြင်းဆိုင်ရာ အနုပညာ |
| ၈၇။ | နှင်းနှင်းဝနေ | ကျေးဇူးပြု၍ မေမေ့ကို ကြည့်ရှုစောင့်ရှောက်ပါ |
| ၈၈။ | စိုးဘားဒိုင် | ဒုတိယပင်လယ် |
| ၈၉။ | နှင်းနှင်းဝနေ | ၉၀-၁၀ နိယာမ |
| ၉၀။ | လင်းသစ် | ဝိုကောင်းမယ့် မနက်ဖြန် |
| ၉၁။ | သက်ထားရွှေဝင်(THSS) | မေတ္တာနှင့် ခွင့်လွှတ်ခြင်း။ |
| ၉၂။ | ဇာဝီဆို | ကြယ်တွေဟာ မင်းအတွက်ပဲ လင်းလက် တောက်ပနေတာပါ |
| ၉၃။ | ဝေယံထွန်း | သင့်အစွမ်းအစတွေကို မြှင့်တင်လိုက်ပါ |
| ၉၄။ | ထက်ဘုန်းရှိန် | ငါ မမြင်ဖူးတဲ့ မင်း။ ငါ မမြင်ဖူးတဲ့ ငါ |
| ၉၅။ | လင်းရောင်နီစဘော | ပါပါတယ်ဆပ်သွားဖူး နန်းဦးကမွေး |
| ၉၆။ | Tsukimi | တကျက်ချင်စိတ် |
| ၉၇။ | ခဲတံ | တစ်ပတ်အတွင်း MOVE ON လုပ်နည်း |
| ၉၈။ | စုးရှမေ | ရှင်သန်ခြင်းရဲ့ အဓိပ္ပာယ် |
| ၉၉။ | နဂါးမောင်မောင်သဘာဝဗေဒ | သံမဏိစိညာဉ် |
| ၁၀၀။ | စာရိပ်မြိုင်တိုက်ထုတ်ကလောင်စုံ | မြိုင်မြိုင်ဆိုင်ဆိုင် စာရိပ်မြိုင် |
| ၁၀၁။ | စုးရှမေ | ချစ်သော အမျိုးသမီးလေး ထံသို့ |
| ၁၀၂။ | မြသွေးနှင်းဆီ | အလွမ်းပြည်ကို ရေးတဲ့စာ |
| ၁၀၃။ | လွန်းဝေငြိမ်း | ကြေမွနွမ်းခြွေ |



# သံယောဇဉ်တွယ်...နွယ်

ထွန်းတောက်ထွင့်၊သချာ၊

စာရိပ်မြိုင်အမှတ်စဉ် (၁၀၄)

mgyoe.com

mgyoe.com SAMPLE BOOK

# ကျေးဇူးတင် မှာချွေစကား

လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်ကအကြောင်းတွေကို ပြန်ရေးတဲ့အခါ အသက်အရွယ်အရ အခက်အခဲတွေ အများကြီး ရှိခဲ့ပါတယ်။ တက္ကသိုလ်ကျောင်းတက်ခဲ့စဉ်က အတွေ့အကြုံတွေ အရင်းခံပြီး ကိုယ်တိုင်ပါဝင်ပတ်သက်ခဲ့ဖူးတဲ့ အချစ်ဇာတ်လမ်းတစ်ပုဒ်ကို ထည့်ရေးဖြစ်တဲ့အခါ ငဲ့ညှာထောက်ထားစရာတွေ ရှိတဲ့အတွက် အစွန်းနှစ်ပါး လွတ်အောင် ကြံဆောင်ခဲ့ရတာတွေလည်း အများကြီးပါပဲ။ တချို့အကြောင်းအရာတွေနဲ့ ဇာတ်ကောင်တွေရဲ့အလုပ်အကိုင်၊ ပင်ကိုယ်ဗီဇ ဘဝအခြေအနေတွေကို ဇာတ်နဲ့ကိုက်အောင် အနည်းငယ်ပြောင်းလဲဖန်တီး၊ အစားထိုးခဲ့ရတာတွေလည်း ရှိပါတယ်။ တက္ကသိုလ်ရဲ့ပုံရိပ်တွေနဲ့ ပတ်သက်ပြီး ခံစားမှုသက်ဝင်အောင် သူငယ်ချင်းတွေ ရိုက်ထား၊ Facebook ပေါ် တင်ထားကြတဲ့ ပုံတွေကို Save လုပ်၊ သေချာပြန်ကြည့်ပြီးမှ ပုံပေါ်လာအောင် စာန်သွင်း ရေးဖွဲ့ရပြန်ပါတယ်။

ဒီဝတ္ထုမှာပါတဲ့ ဇာတ်ကောင် တော်တော်များများက သက်ရှိထင်ရှား ရှိနေကြသေးသလို၊ ကွယ်လွန်သွားကြသူတွေလည်း ရှိတဲ့အတွက် သက်ရှိထင်ရှား ရှိနေသူတွေဆီက ဖုန်းနဲ့တစ်မျိုး၊ မက်ဆင်ဂျာကတစ်သွယ် ခွင့်ပြုချက် တောင်းရတာတွေ၊ အကြံဉာဏ် ယူခဲ့ရတာတွေ၊ မေ့နေတာတွေကို အစပြန်ဖော်ခိုင်းရတာတွေ အတွက် ကျေးဇူးမတင်လို့ မရခဲ့ပါဘူး။ နှစ်တွေ၊ ခေတ်တွေက အတော်ကြာခဲ့ပြီဖြစ်တာကြောင့် တိကျရမယ့် ခုနှစ်သက္ကရာဇ်တွေကိုတော့ သူငယ်ချင်းတွေဆီ

mgyoe.com

mgyoe.com SAMPLE BOOK

မေးတန်မေး၊ ဂူးဂဲလ်က ရှာတန်ရှာ လုပ်ခဲ့ရပါတယ်။ ဒါပေမဲ့ မှတ်မိသလောက်ပဲ ပြန်ရေးရတဲ့အတွက် လွဲမှားတာတွေ၊ အမှတ်မှားတာတွေ ရှိကောင်းရှိဦးမယ်လို့ ယူဆမိတဲ့အတွက် လွဲမှားတာရှိခဲ့ရင်လည်း သည်းခံ စိတ်ထားပြီး ဖတ်ပေးကြဖို့ ကျောင်းတုန်းက သူငယ်ချင်းများနဲ့တကွ စာဖတ်သူကို ကြိုပြီး မေတ္တာရပ်ခံပါတယ်။

ဇာတ်ကောင်တွေ တအားများပြီး စာဖတ်သူမှတ်ရခက်မှာစိုးတဲ့အတွက် အခြေအနေ အကြောင်းတရားအမျိုးစုံကြောင့် ချန်ထားခဲ့ရတဲ့ ငယ်ပေါင်း၊ ကြီးပေါင်း သူငယ်ချင်းအားလုံးကိုလည်း စိတ်မဆိုးကြဖို့ မေတ္တာရပ်ခံပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီလုံးချင်းဝတ္ထုရှည်ရေးဖြစ်အောင် တိုက်တွန်းခဲ့ပြီး အဖက်ဖက်က ကူညီအားပေးခဲ့ကြတဲ့ ကျောင်းတုန်းက သူငယ်ချင်းတွေနဲ့ ၁၉၈၆-၉၃ မော်လမြိုင်တက္ကသိုလ် သချာ ကျောင်းသူ၊ ကျောင်းသားဟောင်းများအဖွဲ့ကိုလည်း ကျေးဇူးအထူးတင်ပါတယ်။

စာချစ်သူအားလုံးကို လေးစားလျက်

ထွန်းတောက်ထွင့်၊သချာ၊

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် ဘယ်ရောက်နေတာလဲ။

ကျွန်တော် ဘာဖြစ်နေတာလဲ။

ကျွန်တော့်ကို တစ်စုံတစ်ခုက နှောင့်ယှက်နေတာလား။ အသိပေးနေတာလား။ ခြောက်လှန့်နေတာလား။

ကျွန်တော် ဘယ်နေရာမှာလဲဆိုတဲ့အတွေး ဝင်လာတဲ့အခါမှာတော့ ကျွန်တော့်အခန်းထဲမှာ ကျွန်တော်အိပ်နေမှန်း သိသလိုလို ရှိလာခဲ့ပါတယ်။ ဒါဆိုရင် ကျွန်တော် အိပ်ပျော်နေတာလား။

အသိအာရုံက အံမှန်တကယ် နိုးထနေတာလား။

ဒါမှမဟုတ် အိပ်မက်ထဲမှာ အိပ်ပျော်ရင်း အိပ်မက်မက်နေမှန်း ကျွန်တော့်စိတ်က အလိုလို သိနေတာလားလို့ ဝေခွဲမရဖြစ်ရတာလည်း သေချာပါတယ်။

ဒါပေမဲ့. . .

"ဂျစ်. . . ဂျစ်. . . . ဂျစ်. . . "

"ဂျစ်. . . ဂျစ်. . . ဂျစ်. . . "

အခန်းတံခါးဝကို ကုတ်ခြစ်နေတဲ့ တဂျစ်ဂျစ် အသံဟာ အိပ်မက်ထဲမှာလား အပြင်မှာ တကယ်ဖြစ်နေတာလားလို့ မသဲမကွဲ ဖြစ်နေတာလည်း သေချာပါတယ်။ စိတ်အနှောင့်အယှက်ဖြစ်စရာ အဲ့ဒီအသံကြောင့် ပြုမူနေသူကို ဒေါသထွက်ရ

mgyoe.com

mgyoe.com

သလို အသံတိတ်သွားစေဖို့အတွက် အိပ်နေရာကထပြီး မစွမ်းဆောင်နိုင်သေးတာလည်း အမှန်ပါပဲ။ စိတ်အနှောင့်အယှက် ဖြစ်လောက်အောင် တဂျစ်ဂျစ် လုပ်နေတာကို အဆုံးသတ်နိုင်ဖို့ အတွက် အသိအာရုံနဲ့ ဇီဝယန္တယားကို တွဲစပ်ကြည့်တဲ့အခါမှာတော့ လှုပ်လို့မရတဲ့ခန္ဓာကိုယ်ကြောင့် ထိတ်လန့်သွားခဲ့ရတာတော့ သေချာပါတယ်။

"အား. . ."

အကြောအခြင် အသွေးအသားတွေ ရုပ်ဆိုင်းနေတဲ့ အသေကောင်တစ်ကောင်လို ဖြစ်နေမှန်းရိပ်စားမိတဲ့ ကျွန်တော့်နှုတ်က အားခနဲ အော်ကြည့်လိုက်ပေမယ့်၊ အသံကတော့ ထွက်မလာခဲ့ပါဘူး။ ဘုရား၊ ဘုရား။ ဒါ အိပ်မက်လား၊ တကယ် ဖြစ်နေတာလား

"အား. . ."

ဒုတိယအကြိမ် ထပ်အော်ကြည့်တဲ့အခါမှာလည်း ထူးမခြားနားဖြစ်နေတာမို့ ပိုမိုစိုးရိမ်ထိတ်လန့်လာတဲ့ ကျွန်တော်ဟာ ခန္ဓာကိုယ်ထဲရှိသမျှ စွမ်းအားတွေကို အသားကုန်ထုတ်သုံးပြီး ထပ်အော်ကြည့်မိတော့တာပါပဲ။

"အား. . ."

အားခနဲ အော်ဟစ်လိုက်သံနဲ့အတူ အိပ်မက်က လန့်နိုးသွားရတဲ့ ကျွန်တော့်တစ်ကိုယ်လုံး ပူလောင်နေသလို တဆတ်ဆတ်တုန်နေတဲ့ နှလုံးခုန်သံတချို့ဟာလည်း နိုးထခြင်းနဲ့အတူ တွဲလျက်ပါလာခဲ့ပါတယ်။ အိပ်ရာက အသာထ မီးခလုတ်ကိုစမ်းဖွင့်ရင်း ရေတစ်ခွက်သောက်လိုက်မိတဲ့အခါမှာတော့ ပူပန်နေတာတွေ အနည်းငယ်လျော့ပါးသလို ဖြစ်သွားခဲ့ပါတယ်။

အခန်းတံခါးဝရှိရာဘက် လျှောက်သွားဖြစ်တဲ့အခါမှာတော့ တဂျစ်ဂျစ်မြည်သံကို မကြားရတော့ပါဘူး။ ဒါပေမဲ့ စိုးရိမ်ပူပန်စိတ်နဲ့ပဲ အခန်းတံခါးကို အသာအယာလှပ်ရင်း တဖြည်းဖြည်း ဖွင့်ကြည့်လိုက်တဲ့အခါမှာတော့. . .။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ၊ ၂၇ ရက်

mgyoe.com

mgyoe.com SAMPLE BOOK

ရွှေပြည်သာဆင်ခြေဖုံးရပ်ကွက်ထဲက ဆယ်ပေပတ်လည် ဆိုင်ခန်းကလေးဟာ ကျွန်တော့်အိပ်ခန်းဆိုလည်း မမှားသလို ကျွန်တော့်လို တစ်ကိုယ်တည်းသမားအတွက် ဝမ်းစာရှာဖွေရာ ချောက်ချိချောက်ချက် ဆေးဆိုင်လို့ ပြောရင်လည်း မမှားပါဘူး။ လက်ဖက်ရည်ဆိုင်ဖွင့်ထားတဲ့ အစ်မဆိုင်ခန်းနဲ့ကပ်လျက်မို့ လမ်းလေးခွဆုံရာ ကားလမ်းမဘေးမှာ တည်ရှိသလို ရောင်းရေးဝယ်တာအရ အချက်အချာကျတဲ့နေရာလို့ ပြောမယ်ဆိုရင်တော့ မှန်နိုင်ပါတယ်။

ဒါပေမဲ့ ခေတ်ကာလအခြေအနေအရ အတားအဆီးတွေ ချထားရတဲ့၊ မြို့နယ်မီတာရုံးတည်ရှိရာ လမ်းသွယ်ကလေးမို့ အရင်လို မစည်ကားတော့သလို လမ်းသွယ်ကလေးထဲမှာရှိတဲ့ ဈေးဆိုင်အများစုဟာလည်း အရင်လိုဟန်မကျ တိတ်ဆိတ်ခြောက်ကပ်တဲ့ဘဝ ရောက်ကုန်ကြပြီလို့ ပြောရင်ရပါတယ်။ မှောင်စပျိုးပြီဟေ့ဆိုတာနဲ့ သူငါမယုံရ ငါ့သူမယုံရမို့ တော်ရုံအကြောင်းကိစ္စမရှိဘဲ အပြင်မထွက်ကြတော့တဲ့အတွက် ရောင်းရေးဝယ်တာကိစ္စတွေလည်း အလုပ်မဖြစ်ကြတာ သေချာပါတယ်။ ည ၈ နာရီထိုးပြီးစ အချိန်ကာလတစ်ခုအရောက်မှာတော့ လမ်းပေါ်မှာ ဆိုင်ကယ်၊ ဆိုက်ကားနဲ့ မော်တော်ကားတွေ ဖြတ်သန်းသွားလာမှု နည်းပါးသွားခဲ့သလို လူသွားလူလာလည်း မရှိသလောက် ကျဲပါးလာခဲ့ပါပြီ။

ဩော်. . . စီးပွားမဖြစ်တဲ့ အခုလို အချိန်ကာလကျမှ နှစ်ညအိပ် သုံးရက်

mgyoe.com

mgyoe.com SAMPLE BOOK

ခရီးက ထွက်ရဦးမှာတဲ့လား. . .။

ကျွန်တော်ကတော့ စိတ်ပါလက်ပါနဲ့ သွားချင်စိတ် ရှိပါ့မလား။

ဘာပဲဖြစ်ဖြစ် ခေတ်အခြေအနေအရ ည ၈ နာရီ ဆိုင်ပိတ်ပြီးသွားလို့ အခန်းထဲက အဝတ်အစားထည့်တဲ့ သံသေတ္တာကို ဖွင့်လိုက်တဲ့အခါမှာတော့ ပရုပ်နံ့တွေ ထောင်းခနဲ ထသွားခဲ့ပါတယ်။ သေတ္တာထဲမှာတော့ မီးပူတိုက်ထားတာနဲ့ မီးပူမတိုက်ရသေးဘဲ ခေါက်ထားတဲ့ အဝတ်တွေ ရောနှောလို့ပါပဲ။

ကျွန်တော် ဘာတွေထည့်သွားရမှာလဲ၊ ဘာတွေယူသွားရမှာလဲ၊ ဘာတွေ ယူသွားသင့်သလဲဆိုတဲ့အတွေး ဝင်လာပြီးနောက်မှာတော့ ဦးနှောက်ခြောက်သလို ဖြစ်သွားရတာတော့ သေချာပါတယ်။ ဒီခရီးကို ကျွန်တော် သွားသင့်သလား၊ မသွားသင့်ဘူးလားလို့ တွေဝေရပေမယ့် ခေါ်တဲ့သူတွေက လိုလိုလားလား ခေါ်နေတဲ့ အတွက် အားနာရတာတော့ အမှန်ပါပဲ။ မဖြစ်စလောက် အလျှုငွေကလေး သုံးသောင်းကြောင့် အကုန်အကျများနိုင်တဲ့ ဒီခရီးအတွက် သိမ်ငယ်စိတ်ဝင်ရတာ လည်း သေချာပါတယ်။ ခေါ်တဲ့သူတွေကတော့ အဆင်ပြေခြင်း၊ မပြေခြင်း၊ ဆင်းရဲ ချမ်းသာ ဆိုတာတွေကို ဘေးချိတ်ပြီး သူငယ်ချင်းဆိုတဲ့ စိတ်တစ်ခုတည်းနဲ့ ကျန်တာ တွေ အမှုမထားဘဲ ခေါ်ခဲ့ကြတာပါ။ အတူလိုက်စေချင်ခဲ့ကြတာပါ။ ဘာပဲဖြစ်ဖြစ် "သွားမယ်ကွာ" ဆိုပြီး ဆုံးဖြတ်ချက်ချသွားတဲ့အချိန်မှာတော့ နံရံမှာချိတ်ထားတဲ့ ခရီးဆောင်ကျောပိုးအိတ်ကို ထယူပြီး လိုအပ်မယ်ထင်တာတွေ ကောက်ထည့် မိတာပါပဲ။

ပုဆိုး၊ အင်္ကျီ၊ ဘောင်းဘီရှည်၊ ဂျာကင်၊ သရီးကွာတား ဘောင်းဘီ စသဖြင့် စိတ်ထဲရှိရာ ကောက်ထည့်နေပေမယ့် အသက် ငါးဆယ်ကျော်စပြုလာတဲ့အရွယ်နဲ့ သင့်မသင့်၊ တော်မတော်၊ အပ်စပ်မှု ရှိမရှိ ထည့်တွက်နေရတာနဲ့ပဲ ခေါင်းရှုပ်လာ ပြန်ပါတယ်။ ဘာပဲဖြစ်ဖြစ် လွန်ခဲ့တဲ့ သုံးရက်လောက်က ဆံပင်ညှပ်ဆိုင်သွားပြီး ညှပ်၊ ဆိုး၊ လျှော်လုပ်ထားတဲ့အတွက် ရှိရင်းစွဲ အသက်အရွယ်ထက် အနည်းငယ် နုပျိုနေမယ်လို့ ယူဆမိပြီး အိတ်ထဲထည့်ထားတဲ့ အဝတ်အစားတွေကို ဘာတစ်ခုမှ ပြန်မထုတ်ဖြစ်ခဲ့ပါဘူး။ ကျွန်တော့်အရပ်က ခြောက်ပေနီးနီးမို့ ပေါင်၁၈၀ အထိ ဝဖြိုးစပြုလာခဲ့ပေမယ့် မတရားကြီး ပုံပျက်နေပြီလို့ ကိုယ့်ကိုယ်ကိုယ် မယူဆမိတာ လည်း ပါနိုင်ပါတယ်။

ချိုင်းလူးတဲ့ Roll on ၊ ခေါင်းလိမ်းဆီ၊ မုတ်ဆိတ်ရိတ်ဓား၊ သွားတိုက်တံ၊ သွားတိုက်ဆေး၊ မျက်နှာသုတ်ပဝါ စသဖြင့် တစ်ခုပြီးတစ်ခု ထည့်ပြီးသွားတဲ့အခါ

mgyoe.com

mgyoe.com SAMPLE BOOK
မှာတော့ သောက်လက်စ ဆေးကတ်နှစ်မျိုးနဲ့ လိမ်းဆေးတချို့ကို မမေ့မလျော့ ထည့်ရပြန်ပါသေးတယ်။ ဒူလေးတိုး၊ ဆီးချို၊ နှလုံးရောဂါတွေ မရှိသေးပေမယ့် လည်ပင်းအရိုးကျိုးပေါင်းရောဂါက ငါးဆယ်ကျော် ကျွန်တော့်ကို နှိပ်စက်နေခဲ့တာ ငါးနှစ်မက ရှိခဲ့ပြီကိုး။ လိုအပ်တာတွေကို သေချာစဉ်းစားလိုက်၊ တစ်ခုပြီးတစ်ခု ကောက်ထည့်လိုက်နဲ့ အဝတ်အစား အိတ်ပြင်ပြီးသွားတဲ့အခါမှာတော့ ည ၉ နာရီ ထိုးပြီးနေခဲ့ပြီ ဖြစ်သလို ကျွန်တော့်တစ်ကိုယ်လုံးမှာလဲ ချွေးတွေနဲ့ ရွှဲနစ်နေခဲ့ပါပြီ။ ကျွန်တော်နေထိုင်ရာ ဆင်ခြေဖုံးရပ်ကွက်ကလေးဟာလည်း ခေတ်ကာလ အခြေ အနေအရ တိတ်ဆိတ်ငြိမ်သက်စပြုနေခဲ့ပါပြီ။ ရေထပ်ချိုးရင် ကောင်းမလားလို့ အတွေးပွားရပေမယ့် အချိန်မတော် ရေထချိုးခြင်းအားဖြင့် ဒီအသက်အရွယ်မှာ ဖြစ်လာနိုင်တဲ့ နောက်ဆက်တွဲအကျိုးဆက်တွေကို ချင့်ချိန်နေရတာနဲ့ပဲ ရေထပ် မချိုးဖြစ်ခဲ့ပါဘူး။ စိတ်ထဲမှာတော့ ကျောင်းတုန်းက သူငယ်ချင်းတွေရဲ့ ပြန်လည် တွေ့ဆုံခြင်းအထိမ်းအမှတ် ကထိန်ပွဲတစ်ခုကို ကြိုတင်ရင်ခုန်သလိုလိုဖြစ်လာ ခဲ့တာတော့ ဝန်ခံပါတယ်။

အဲဒီလိုနဲ့ပဲ ဘေးနားချထားတဲ့ ဖုန်းကိုကောက်ယူ၊ အင်တာနက်လိုင်းကို ဖွင့်ပြီး ၁၉၈၆-၉၃ မော်လမြိုင်တက္ကသိုလ် သင်္ချာ ကျောင်းသား ကျောင်းသူဟောင်းများ အဖွဲ့ရဲ့ Facebook Group ထဲဝင်ပြီး ခရီးစဉ်အသေးစိတ်ကို လျှောက်ဖတ်မိတော့ တာပါပဲ။

Page ရဲ့အက်ဒ်မင် သူငယ်ချင်း ကိုကိုနိုင်တင်ထားတဲ့ ခရီးစဉ်အသေး စိတ်စတေးတပ်တစ်ခုကို Like ပေး Comment ဝင်ရေးနေကြတဲ့ သူငယ်ချင်းတွေ ကတော့ အများကြီးပါပဲ။ အဲဒီအထဲကမှ ကျွန်တော်မျှော်လင့်နေတဲ့၊ မျှော်လင့်ထားတဲ့ Fbအကောင့်တစ်ခုကို Like ကလေးများပေးထားမလားလို့ အရင်အခါတွေလိုပဲ ရှာဖွေကြည့်မိတဲ့အခါမှာတော့ မတွေ့ရပါဘူး။ ဘယ်တွေ့ပါ့မလဲလေ။ Likeပေး Comment ဝင်ရေးဖို့နေနေသာသာ သူ့ရဲ့ Fb အကောင့်တောင် ရှိမှရှိပါ့မလား၊ Fbတောင် သုံးဖြစ်ရဲ့လား၊ လူ့လောကကြီးထဲမှာတောင် သူရှိနေပါ့ဦးမလား ဆိုတဲ့ အတွေးနဲ့ပဲ အဆုံးသတ်ရပါတယ်။ သူ့ကို မှတ်မိကြသေးသလား၊ သူ ဘယ်မှာလဲ၊ သူ ဘယ်ရောက်နေပြီလဲဆိုတဲ့ စကားတွေနဲ့ ဂရုထဲက သူငယ်ချင်းတွေ သိအောင် ဖော်ထုတ်မေးမြန်းကြည့်လိုက်ချင်ပေမယ့် ကျွန်တော့်ရဲ့အသိစိတ်က ခွင့်မပြုခဲ့ ပါဘူး။

ဩော်. . . ရှောင်ပုန်းချင်နေသူကို အတင်းကြီး လိုက်ရှာနေခဲ့သမျှ မတွေ့

mgyboe.com SAMPLE BOOK
ခဲ့ရတာဟာ ရှောင်ပုန်းသူရဲ့ လှုံ့ဆော်မှုကြောင့်လား။ တွေ့ချင်နေသူရဲ့ ညှဲဖွင်းခြင်းတစ်မျိုးလား။ ကံကြမ္မာကြောင့်ပဲလား။ ဘာပဲဖြစ်ဖြစ် တတ်နိုင်သူတွေဘက်က တတ်နိုင်သလောက် သိန်းဆယ်ချီတဲ့အထိ အလှူငွေထည့်ပြီး သိပ်မတတ်နိုင်သူတွေဘက်က တတ်နိုင်သလောက် သောင်းဂဏန်းလောက်သာ ထည့်ခဲ့ကြလို့ အထမြောက်ခဲ့ရတဲ့ နှစ်ညအိပ်သုံးရက် ခရီးစဉ်တစ်ခုကတော့ မနက်ဖြန်မနက်စောစောကနေပြီး အစပြုတော့မှာပါ။ ရန်ကုန်မှာ ပြန်ဆုံခဲ့ကြတဲ့ သူငယ်ချင်းတွေအပါအဝင် ပဲခူး၊ ဘီးလင်း၊ သထုံ၊ မော်လမြိုင်၊ ဘားအံ၊ ရေး၊ ထားဝယ်၊ မြိတ်က သူငယ်ချင်းဟောင်းတွေနဲ့ ပြန်ဆုံရတော့မှာပါ။ ငယ်မူပြန်ရတော့မှာပါ။ အတိတ်ကခြေရာတွေ ပြန်လည်တူးဆွ အဟောင်းတွေ အသစ်ဖြစ်ရဦးမှာပါ။

ဒါပေမဲ့ လူမသိသူမသိ၊ လက်ရှိသူငယ်ချင်းတွေလည်း သိပ်မသိဘဲ သူနဲ့ကိုယ်သာ နှစ်ယောက်တည်း သိခဲ့ကြတဲ့ အတိတ်က အချစ် ဇာတ်လမ်းတစ်ပုဒ်မှာ ပါဝင်ခဲ့သူ ကျွန်တော်ကိုယ်တိုင် သူ့ကို သတိရနေဆဲဖြစ်ပေမယ့် အနှစ်သုံးဆယ် ကျော်ကြာခဲ့ပြီဖြစ်တဲ့ ဇာတ်လမ်းထဲက သူကတော့ ဘယ်သူနဲ့မှ အဆက်အသွယ် မရ ပုန်းရှောင်ပြနေဆဲပါပဲလေ။ သူဘယ်မှာလဲ၊ သူ ဘယ်ရောက်နေပြီဆိုလဲဆိုတဲ့ သိချင်စိတ်ကို Group ထဲ ကသူငယ်ချင်းတွေ မသိအောင် အကြိမ်ကြိမ်အခါခါ မျိုသိပ်ရင်း။ သူ့ကိုချစ်ခဲ့တဲ့ စိတ်အပါအဝင် သူနဲ့ မပေါင်းဖက်ခဲ့ရဘဲ တခြားသူ တစ်ယောက်ယောက်နဲ့လည်း အိမ်ထောင်ပြုဖို့အထိ အထမမြောက်ခဲ့တဲ့ ကံကြမ္မာကို ရိုးမယ်ဖွဲ့ရင်း။ တစ်ကိုယ်တည်း လူပျိုကြီးဘဝနဲ့ အစ်ကို၊ အစ်မ မိသားစုဝင်တွေရဲ့ အရိပ်အောက်မှာ သင့်တော်သလို ရှင်သန်နေထိုင်ရင်း။ သူ့ကို မေ့သလောက်ဖြစ်ခဲ့ပြီဆိုမှ ဒီခရီးက စဖြစ်လာခဲ့တာပါ။ အတိတ်က ဝေဒနာတွေ အစပြန်ပေါ်လာရတာမျိုးပါ။ သွားသင့်မသွားသင့် စိတ်နှစ်ခွနဲ့ ဒွိဟဖြစ်ရတာမျိုးပါ။

ဘာပဲဖြစ်ဖြစ် ငယ်ရွယ်စဉ်ကာလ ချစ်တတ်စအချိန်မှာ စိတ်ကစားကြတယ်ပဲ ပြောပြော၊ နှလုံးသားထဲကလာတဲ့ သဘာဝတရားပဲဆိုဆို အနေနီးစပ်မှုဆိုတဲ့ သံယောဇဉ်တစ်ခုနဲ့ အစပြုခဲ့ကြသူတွေကတော့ အရွယ်သိ၊ အမှားသိ၊ တရားသိရမယ့် အချိန်ကာလ ငါးဆယ်ကျော်ဘဝတွေ ရောက်ခဲ့ကြပါပြီ။ ကျန်းမာရေးတွေ ကိုယ်စီကိုယ်င ချို့တဲ့၊ ပုံမှန်ဆေးသောက်ရမယ့် ဘဝတွေရောက်ခဲ့ကြပါပြီ။

ဩော်. . . သတိရပါတယ် မြလေးနွယ်။

စနောက်၊ ကလူကျီစယ်နေရင်းကပဲ သံယောဇဉ်တွေ ဖြစ်ခဲ့ဖူးပါတယ်။ ဒီထက်တစ်ဆင့်တက်ပြီး ချစ်တာ မေတ္တာတွေနဲ့လည်း အရောင်ဆိုးခဲ့မိပါတယ်။
mgyboe.com

mgyoe.com SAMPLE BOOK
မပွင့်လင်းတဲ့ မေတ္တာတစ်ခု ပွင့်လင်းစပြုလာစေဖို့လည်း ကြံဆောင်ခဲ့ဖူးပါတယ်။ ဘဝသံသရာဆိုတာ မတည်မြဲ အလွဲကြီးလည်း လွဲခဲ့ဖူးပါတယ်။

ကံမကုန်ရင်တော့. . . သူငယ်ချင်းအဖြစ်နဲ့ပဲဖြစ်ဖြစ် ပြန်ဆုံချင်ပါသေးတယ် မြလေးနွယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

၁၉ဂဂ ခုနှစ်
မော်လမြိုင်တက္ကသိုလ်(ပင်မ)
တောင်ဝိုင်းရပ်

mgyoe.com

mgyoe.com SAMPLE BOOK

# (၁)

တောင်ညိုတောင်တန်းကြီးကို နောက်ခံထားရင်း ကုန်းဂမူ အနိမ့်အမြင့်၊ တောင်ပူစာ၊ ဆင်ခြေလျှောတွေ၊ ကတ္တရာလမ်းတွေ၊ မြေနီလမ်းကလေးတွေ။ ကျောက်ကြမ်းလမ်းကလေးတွေ. . .။

စိန်ပန်း၊ ကံ့ကော်၊ အင်ကြင်း၊ ပိတောက်၊ ကျွန်း စတဲ့ သစ်ပင်၊ ဝါးပင်၊ ပန်းပင်၊ ချုံပင်၊ နွယ်ပင်တွေနဲ့ သာမောဖွယ်ကောင်းတဲ့။ နာဂဝံသစမ်းချောင်းကလေး ဖြတ်သန်းစီးဆင်းသွားတဲ့။ မနော်ဟရီရေကန်ကလေး ရှိတဲ့။ ကျယ်ပြော၊ စိမ်းစို၊ အုံ့ဆိုင်းစည်ပင် လွန်းလှတဲ့ရပ်ဝန်းတစ်ခုဟာ မော်လမြိုင်လေယာဉ်ကွင်းရဲ့ညာဘက် အနောက်တောင်ထောင့်အရပ်မှာ တည်ရှိနေပါတယ်။ လေယာဉ်ကွင်းမရောက်ခင် တောင်ဝိုင်း ဘိုးဘွားရိပ်သာရှေ့ ကားလမ်းတစ်ဖက်က အပြာရောင်အခံပေါ်မှာ ဖြူရောင်စာလုံးတွေနဲ့ ရေးထားတဲ့ -

"မော်လမြိုင်တက္ကသိုလ်
UNIVERSITY OF MAWLAMYING"

ဆိုတဲ့ ဆိုင်းဘုတ်တစ်ခုကတော့ အမိတက္ကသိုလ်ရဲ့ ရင်ခွင်ထဲရောက်လာသမျှ ကျောင်းသားတိုင်းကို စတင်ကြိုဆိုတာပါပဲ။ အပြာရောင်ဆိုင်းဘုတ်ရဲ့ ဘယ်ဘက်ဘေး ဝင်းတံခါးမကြီးကနေ ကြည့်လိုက်မယ် ဆိုရင်တော့ မြင့်မားခံ့ညား ထည်ဝါလွန်းတဲ့ သုံးထပ်ကျောင်းဆောင်ကြီးကို ခပ်ဝေးဝေးတစ်နေရာမှာ လှမ်းမြင်

mgyoe.com

mgyoe.com SAMPLE BOOK

ရလေ့ ရှိပါတယ်။ သစ်ပင်ပန်းပင်တွေနဲ့ အရိပ်အာဝသကောင်းလွန်းလှတဲ့၊ ကတ္တရာခင်းထားတဲ့ ကုန်းတက်ကုန်းဆင်း အဓိပတိလမ်းမကြီးအတိုင်း ဆယ်မိနစ်လောက်ဆက်လျှောက်လာခဲ့မယ်ဆိုရင်တော့ လမ်းဆုံးတာနဲ့ အလယ်ခေါင်မှာ သပြေပင်စိုက်ပြီး မြက်ခင်းလှလှတွေနဲ့ ပန်းရံနေတဲ့ကျောင်းရှေ့အဝိုင်းကို တည့်တည့်ကြီးတိုးကြတာပါပဲ။ အဝိုင်းကိုပတ်လိုက်မယ်ဆိုရင်တော့ ဘယ်ညာမျက်နှာချင်းဆိုင်ရွှေရောင်ဖောင်းကြွ ဟင်္သာနှစ်ကောင်ပုံနဲ့ ပင်မကျောင်းဆောင်ကြီးရဲ့ပေါ်တီကိုအောက်ကိုရောက်ပြီလို့ ပြောရင်ရပါတယ်။

ပင်မသုံးထပ်အဆောင်ကြီးရဲ့ အရှေ့ညာဘက်မျက်စောင်းထိုးလောက်မှာတော့. . . ကံကော်ပင်၊ စိန်ပန်းပင်၊ ပုဏ္ဏရိပ်ပင်တွေနဲ့စည်းရိုးကာထားသလိုဖြစ်နေတဲ့။ ကျယ်ပြန့်လွန်းတဲ့။ ကွန်ကရစ်ဘောင်ကလေးတွေနဲ့ အဆင့်ဆင့် စိုက်ပျိုးထားတဲ့ ဆင်ခြေလျှော ကျောင်းရှေ့မြက်ခင်းပြင်ကို မြင်နိုင်ပါသေးတယ်။ မြက်ခင်းပြင် ဆင်ခြေလျှောအဆုံးမှာတော့ မနော်ဟာရီရေကန်ရှိပါတယ်။ ပင်မအဆောင်ကြီးရဲ့ဘယ်ဘက်မှာတော့ ကန်တင်းနဲ့ ကျောင်းစာကြည့်တိုက်ကြီးက အခိုင်အမာနေရာယူထားပြီး ပင်မဆောင်ကြီး ပတ်လည်တစ်ဝိုက် သစ်ပင်ပန်းပင်တွေရဲ့ ကြားမှာတော့ကျောင်းသားရေးရာဌာန၊ ဝန်ထမ်းအိမ်ရာတွေ၊ စာသင်ဆောင်တွေ၊ ကျောင်းသားကျောင်းသူတွေရဲ့ အဆောင်တွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတာမျိုးပါ။

ဘာပဲဖြစ်ဖြစ် မော်လမြိုင်မြို့ရဲ့အပေါ် လမ်းသိမ်ကုန်းမှတ်တိုင်ကနေပြီးအမှတ် ၇ ဘတ်စ်ကားစီးလာတဲ့ ကျွန်တော်တစ်ယောက် ကျောင်းရှေ့မှတ်တိုင်အရောက်မှာတော့ ကားပေါ်ကနေ မဆင်းဖြစ်ခဲ့ပါဘူး။ တချို့ကျောင်းသားတွေဟာလည်း ကျွန်တော့်လိုပဲ ကားပေါ်က မဆင်းကြပါဘူး။ အဓိပတိလမ်းမကြီးကို ဆင်းလျှောက်ချင်တဲ့ ကျောင်းသားတချို့ တစ်ဝက်လောက်သာ ကားပေါ်က ဆင်းသွားကြတာမျိုးပါ။ အဓိပတိ လမ်းမတစ်လျှောက်မှာတော့ ကျောင်းသား၊ ကျောင်းသူတွေနဲ့ ဖွေးဖွေးလှုပ်နေခဲ့ပါပြီ။

ကျောင်းရှေ့မြက်ခင်းပြင်မှာ ကျင်းပတဲ့ မောင်မယ်သစ်လွင်ကြိုဆိုပွဲကိုလာကြတာဖြစ်ပေမယ့် ကျွန်တော့်လို လမ်းလျှောက်ရမှာ ပျင်းတဲ့ ကျောင်းသားတွေကတော့ ဂိတ်ဆုံးအထိ ဆက်စီးကြတာမျိုးပါ။ ကျောင်းရှေ့ဝင်ပေါက် ကားဂိတ်ကနေပြီးဆက်လက် ထွက်ခွာလာတဲ့အမှတ် ၇ ဘတ်စ်ကားကတော့ အားကစားရုံ ရှေ့မှတ်တိုင်မှာခဏရပ်ပြီး ကျောင်းဝင်းကြီးရဲ့ ဒုတိယဝင်ပေါက်ကနေ ကျောင်းဝင်းထဲအထိဆက်မောင်းပါတယ်။ နာဂဝံသစမ်းချောင်းကလေးကို ဖြတ်သန်းဖောက်လုပ်ထားတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ကွန်ကရစ်တံတားကြီး အရှေ့က မြေနေရာလွတ်ကို ရောက်တဲ့အခါမှာတော့ ဂိတ်ဆုံးပြီဖြစ်တဲ့အတွက် ကျွန်တော်တို့အားလုံး ကားပေါ်က ဆင်းလိုက်ကြတာပါပဲ။ လှမ်းမြင်နေရတဲ့ ကျောင်းရှေ့မြက်ခင်းပြင်ကြီးမှာတော့ ဂီတသီချင်းသံတွေနဲ့ စည်ဝေနေပြီဖြစ်သလို ဆင်ခြေလျှောမြက်ခင်းပြင်အဆင့်ဆင့်ပေါ်မှာ ခင်းထားတဲ့ သစ်သားခေါက်ကုလားထိုင်တွေပေါ်မှာလည်း ကျောင်းသားကျောင်းသူတွေ အများကြီးရောက်နှင့်နေကြပါပြီ။ မြက်ခင်းရဲ့ အောက်ခြေအဆုံး ရေကန်အစပ်မှာ အုတ်ပတ်ကားတက် မြေဖို့ပြီး ကြီးကျယ်ခမ်းနားစွာ ပြင်ဆင်ထားတဲ့ စတိတ်စင်ကြီးကတော့ -

"မောင်မယ်သစ်လွင် ကြိုဆိုပွဲ
မော်လမြိုင်တက္ကသိုလ်
၁၉၈၇ ခုနှစ်"

လို့ ရွှေရောင်စာလုံးကြီးတွေ ရေးထားတဲ့ အပြာရောင်နောက်ခံ ဘက်ဂရောင်းနဲ့ပါပဲ။

ရွှေတောင်ရပ်မှာရှိတဲ့ မော်လမြိုင်တက္ကသိုလ် ဥတ္တရပရဝဏ်မှာ ပထမနှစ်သချာအဓိကနဲ့ ကျောင်းစတက်နေတာ တစ်လကျော်ပြီဖြစ်တဲ့ ကျွန်တော်ကတော့ မျက်မှန်းတန်းရုံကလွဲပြီး ရင်းနှီးကျွမ်းဝင်စရာ သူငယ်ချင်းအသစ် မရသေးပါဘူး။

ဂိတ်ဆုံးမှတ်တိုင်ကနေပြီး ယောပုဆိုးနီညိုရောင်၊ လည်ကတုံးလက်ရှည်အဖြူကို ဝတ်ဆင်ထားတဲ့၊ အဖော်မပါ လွယ်အိတ်တစ်လုံးနဲ့ တစ်ကိုယ်တည်းဆက်လျှောက်လာတဲ့ ကျွန်တော်ဟာ သုံးလေးမိနစ်လောက်အကြာမှာပဲ မြက်ခင်းပြင်ရဲ့ ဝင်ပေါက်အဝကို ရောက်သွားခဲ့ရင်း။ အဝင်ဝမှာ ကမ်းပေးတဲ့ ကဗျာစာရွက်ကလေးကို ယူရင်း။ လွတ်နေတဲ့ ခုံတစ်လုံးမှာအသာအယာ ဝင်ထိုင်လိုက်ချိန်မှာတော့ မော်လမြိုင်တက္ကသိုလ်ရဲ့ ပါမောက္ခချုပ် ဆရာဦးခင်မောင်တင့်(ခေါ်) စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်က မောင်မယ်သစ်လွင်တွေကို ကြိုဆို နှုတ်ခွန်းဆက်စကားပြောနေခဲ့ပါပြီ။

အသံဩဇာကောင်းကောင်းနဲ့ ဆရာ့ရဲ့နှုတ်ခွန်းဆက်စကားကို ကျွန်တော်တို့အားလုံး ငြိမ်သက်စွာ နားထောင်ဖြစ်ကြတာပါပဲ။

"သားတို့ သမီးတို့ဆိုတဲ့ နာမ်စားတွေနဲ့ ခဏခဏ ရည်ညွှန်းပြောဆိုနေတဲ့ဆရာရဲ့စကားသံတွေကတော့ ချိုချိုလွင်လွင်နဲ့ မေတ္တာစိတ်တွေ လွှမ်းခြုံနေတာသေချာပါတယ်။ မြက်ခင်းပြင်ပေါ်က သစ်သားခေါက်ကုလားထိုင်တွေမှာ မောင်မယ်သစ်လွင်တွေနဲ့ ပြည့်နေပြီဖြစ်သလို မြက်ခင်းပြင်ကို ဝိုင်းပတ်ထားတဲ့ ပုဏ္ဏရိပ်

mgyoe.com

mgyoe.com

စည်းရိုးအနောက်မှာ ရပ်ကြည့်နေကြတဲ့ နှစ်ကြီးကျောင်းသားကျောင်းသူတွေက လည်း အများကြီးလို့ ပြောရပါလိမ့်မယ်။

မောင်မယ်သစ်လွင်တိုင်းကို တစ်ယောက်တစ်ရွက်စီ ကမ်းထားတဲ့။ ပါမောက္ခချုပ် ဆရာတက္ကသိုလ်ဘုန်းနိုင်ကိုယ်တိုင် ရေးစပ်ထားတဲ့ "ငွေလညတိုင်းသာနေသည်" ဆိုတဲ့ ကဗျာလေးကို တက္ကသိုလ် အနုပညာအသင်းသူအသင်းသား တွေက သံစဉ်တီးလုံးတွေနဲ့ သံပြိုင်သီဆိုကြတဲ့အခါမှာတော့ ကျွန်တော့်စိတ်ထဲမှာ ကြည်နူးသလိုလို၊ ငိုချင်သလိုလို၊ ကြက်သီးထသလိုလိုတွေ ဖြစ်လာခဲ့တာပါပဲ။

*"ငွေလ ညတိုင်းသာနေသည်xxx*

*ကုမုဒြာ ကြာဖြူပွင့်တို့ လေသင့်ရာမွှေး သင်းတကြူကြူxxxကြိုင်လှိုင် အေးxxx သည်လရောင်ချစ်သောပန်းနှင့် ပန်းကိုချစ်သောxxx လသည်။*

*(ဘယ်ရပ်ဌာနီ ဆုံကြလေပြီ သားစဉ်တစ်ဆက်ရှည် ညစဉ်မပျက်ပေ ငွေလ ညတိုင်း ညတိုင်း သာနေသည်)*

*လာလာလေ လာစမ်းတော့ ဘယ်ပန်းမြတ်ပန်ကြမည်xxx ပညာဆို ကြာဖြူပန်း ဆင်မြန်းမှ ဂုဏ်တင့်မည်xxx*

*ပညာဆိုကြာဖြူပန်းxxx ဘယ်လဝန်းကြောင့် သူပွင့်သည်. . . မေတ္တာဆို ငွေလထွန်းမှ ကြာပန်းခိုင်မြတ် သူပွင့်တတ်သည်xxx*

*(ဘယ်ရပ်ဌာနေ ဆုံကြလေပြီ သားစဉ် တစ်ဆက်ရှည် ညစဉ်မပျက်ပေ ငွေလ ညတိုင်း ညတိုင်းသာနေသည်)*

*ဟသ်ာပျော်သော စုံမြိုင်တောဟု ကျော်စောဂုဏ်ဟိန် တက္ကသိုလ်နယ်ဆီ နဂါးဝံ စမ်းရေဝိုက်လည် ထာဝစဉ်အပန်းဖြေထိုက်သည် လာလာလေ လိုက်ခဲ့ တော့xxx ဘယ်ရပ်ဌာနီ ဆုံကြလေပြီ သားစဉ်တစ်ဆက်ရှည်xxx ညစဉ်မပျက်ပေ ငွေလ ညတိုင်းxxx ညတိုင်းxxx သာနေသည်xxx*

*ပျော်သည် ပျော်သည် ပျော်သည် ပျော်သည်xxx ဒို့အားလုံးလည်း ပျော်ကြသည်xxx ရွှင်လန်းဝမ်းမြောက်ဂုဏ်ယူသည်xxx ဧယျတု သပြေနုxxx အောင်ဆုပွိုရည်xxx အောင်ဆုပွိုရည်xxx နဂါးဝံစမ်းရေဝိုက်လည် ထာဝစဉ် အပန်းဖြေထိုက်သည်xxx လာလာလေ လိုက်ခဲ့တော့xxx ဘယ်ရပ်ဌာနီxxx ဆုံကြလေပြီxxx သားစဉ်တစ်ဆက်ရှည် ညစဉ်မပျက်ပေ ငွေလ ညတိုင်း ညတိုင်းxxx သာနေသည်xxx"*

ဘာပဲပြောပြော ဆရာတက္ကသိုလ် ဘုန်းနိုင်ရဲ့ သီချင်းသံစဉ် စာသားတွေ

mgyoe.com

mgyoe.com

ထဲမှာ နစ်မွန်းပျော်ဝင်သွားပြီဖြစ်တဲ့ ကျွန်တော့်ရင်ထဲမှာတော့ -

သြော်. . . အသက် ၁၇ နှစ်အရွယ် ကောင်လေးတစ်ယောက် တက္ကသိုလ်ကျောင်းသား ဖြစ်ခဲ့ပါပြီ။ အမိတက္ကသိုလ်ကြီးကလည်း ကြီးမြင့်ခံ့ညားထည်ဝါမှု၊ လုံခြုံနွေးထွေးမှုတွေနဲ့ စတင်ကြိုဆိုခဲ့ပါပြီ။ အမိတက္ကသိုလ်ရဲ့ ရင်ခွင်ထဲမှာ ပျော်ရွှင်စွာနဲ့ ပညာရည်နို့သောက်စို့ရင်း ဘဝရှေ့ရေးအတွက် တစ်ဆင့်ခြင်း တက်ပါရစေလို့ ပြောဆို တိုင်တည်နေမိတာ သေချာပါတယ်လေ။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# မော်လမြိုင်တက္ကသိုလ်၊ ဥတ္တရပရဝဏ်၊ ရွှေတောင်ရပ်

## (၂)

မော်လမြိုင်တက္ကသိုလ် ပင်မ တောင်ဝိုင်းရပ်ကနေပြီး စတင်ပြေးဆွဲတဲ့ အမှတ် ၇ ဘတ်စ်ကားဟာ မော်လမြိုင်မြို့ရဲ့ မိုင်ဒါဈေးမှာ ဂိတ်ဆုံးပါတယ်။ မော်လမြိုင် မြို့ခံတွေအနေနဲ့ အမှတ် ၇ ဘတ်စ်ကားကို အပေါ်လမ်းကနေ တက်စီးပြီး ရွှေတောင်မှတ်တိုင်မှာ ဆင်းလိုက်မယ်ဆိုရင်တော့ စိန့်ပက်ထရစ် ဘုရားကျောင်းကြီးက မြင့်မားခံ့ညားစွာနဲ့ပဲ စတင်ကြိုဆိုလေ့ ရှိပါတယ်။

အမှတ် ၇ ဘတ်စ်ကားပေါ်က ဆင်းပြီး အုတ်တံတိုင်းခတ်ထားတဲ့ စိန့်ပက်ထရစ် ဘုရားရှိခိုးကျောင်းဘေးအပေါက်က ဝင်ရင်း ကုက္ကိုပင်ရိပ်တွေနဲ့ အုံ့ဆိုင်းနေတဲ့ ကတ္တရာလမ်းကြမ်းကလေးအတိုင်း လျှောက်လာခဲ့မယ်ဆိုရင်။ အဌဂံပုံစံနှစ်ထပ်ဆောင်ရှေ့က မော်လမြိုင်တက္ကသိုလ် ဥတ္တရပရဝဏ်ဆိုတဲ့ ဆိုင်းဘုတ်အပြာကို မြင်ရလေ့ရှိပါတယ်။

အောက်ထပ်၊ ကြမ်းခင်း၊ နံရံ၊ အပေါ်ထပ်နံရံနဲ့ တိုင်တွေကို အုတ်ပတ်ကားတက် အင်္ဂတေနဲ့ ဆက်ထားပြီး အပေါ်ထပ်တက်တဲ့ လှေကား၊ လက်ရန်း၊ တံခါးမကြီး၊ ပြတင်းတံခါး၊ ကျီးပေါင်၊ စာသင်ခုံနဲ့ ကြမ်းခင်းတွေကို ကျွန်းသစ်တွေနဲ့သာ ဖွဲ့စည်းထားတဲ့ အင်္ဂလိပ်ခေတ်က ရှေ့ဟောင်းအဆောက်အဦးကြီးဟာ နီညိုရောင်သုတ်ဆေးတွေနဲ့ ခံ့ညားကြည့်ကောင်းနေတာပါပဲ။ အုတ်ကြွပ်မိုးထားတဲ့ အဆောက်အဦးတွေမို့ ရာသီမရွေး အပူအအေး မျှတတယ်လို့ ဆိုရပါမယ်။မြေညီ

mgyoe.com

mgyoe.com SAMPLE BOOK

မြေပြန့်မဟုတ်ဘဲ တောင်ကုန်းဆင်ခြေလျှော အနိမ့်အမြင့်အတိုင်း စာသင်ဆောင်၊ လျှောက်လမ်း အနိမ့်အမြင့် စသဖြင့် တွဲစပ်တည်ဆောက်ထားတဲ့ပင်မ စာသင်ဆောင်တွေ၊ ကယ်မစ်စတွီလက်တွေ့ခန်း၊ ဆေးမသုတ်ထားလို့ ရေညှိတက်နေတဲ့ ပုံစံဆန်း သဘင်ခန်းမကြီးနဲ့ တခြားအဆောက်အဦးတွေက စိန်ပက်ထရစ်ကျောင်း ပြည်သူပိုင် အသိမ်းမခံရစဉ်ကာလပုံစံအတိုင်းမို့ ဥရောပဆန်တယ်လို့ပဲ ပြောရပါမယ်။ စိန်ပက်ထရစ်ကျောင်းနဲ့ တဆက်တစပ်တည်းရှိခဲ့ဖူးတဲ့ နှစ်ထပ်စာသင်ဆောင် ရှည်ရှည်တွေကိုတော့ အ . ထ. က ၅ မော်လမြိုင်အဖြစ် သတ်မှတ်ရင်း ဥတ္တရ ပရဝဏ်နဲ့ အုတ်တံတိုင်းအသစ်ကာပြီး ခွဲခြားထားတာမျိုးပါ။

ဥတ္တရပရဝဏ်ထဲမှာတော့ အသစ်ဆောက်ထားတဲ့ ဝိဇ္ဇာတွဲ စာသင်ခန်းတွေ၊ အုတ်ပတ်ကားတက်၊ သွပ်မိုး၊ အင်္ဂတေခင်း ဇူးနဲ့ ဘော်တနီ လက်တွေ့စမ်းသပ်ခန်း တစ်ထပ်အဆောင်ရှည်ရှည်တွေ။ ပင်မစာသင်ဆောင်တွေနဲ့ သဘင်ခန်းမကြီးကြား က ငှက်ပျောတောနဲ့ သိပ္ပံလက်တွေ့ခန်းတွေနားက ကန်တင်းကတော့ သူ့နေရာနဲ့သူ အစီအစဉ်တကျ ရှိနေခဲ့တာပါပဲ။

ဘာပဲဖြစ်ဖြစ် အမှတ် ၇ ဘတ်စ်ကားစီးပြီး ဥတ္တရပရဝဏ်ထဲကို ကျွန်တော် ဝင်လိုက်မိတဲ့အခါမှာတော့ ကျောင်းသား၊ ကျောင်းသူတွေနဲ့ စည်ကားသက်ဝင် နေခဲ့ပါပြီ။

အဌဂံပုံစံ ပင်မနှစ်ထပ် ဆောင်ကြီးရဲ့ဘယ်ဘက် အချွန်အတက် ဆူးရွက်ဖားဖားတွေနဲ့ ခုံညားနေတဲ့ နာနတ်ရိုင်းပင်ကြီးဘေး အင်္ဂတေလမ်းအတိုင်း ဆက်လျှောက်ရင်း။ တဖြည်းဖြည်း မြင့်တက်သွားတဲ့ စာသင်ခန်းတွေရဲ့ဘေးက လမ်းအတိုင်း ဆက်သွားရင်း။ လမ်းဦးတိုက်စာသင်ခန်းတစ်ခု အရှေ့အရောက်မှာတော့ ဘယ်ဘက်ကိုချိုးကွေ့ပြီး သစ်သားလှေကားတွေအတိုင်း အပေါ်ထပ်ကို တက်လာခဲ့မိပါတယ်။ ပထမနှစ် သင်္ချာမေဂျာရဲ့ စာသင်ခန်း Section - 2 ထဲမှာတော့ ကျောင်းသားကျောင်းသူတွေ ရောက်နှင့်နေကြပါပြီ။ တစ်ယောက်တစ်ပေါက် စကားသံတွေနဲ့ ဆူညံနေခဲ့ကြပါပြီ။ ပထမဦးဆုံးအံချိန်ဟာ မေဂျာဘာသာရပ်ဖြစ်တဲ့ သင်္ချာအချိန်မို့ အထက်တန်းကျောင်းသားစိတ် မကုန်သေးတဲ့ ကျွန်တော်တို့လို ကျောင်းသားကျောင်းသူတွေကတော့ စာသင်ဖို့အတွက် စိတ်အားထက်သန်နေကြပါပြီ။ ပထမနှစ် သင်္ချာမေဂျာမှာ မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇူး၊ ဘော်တနီ၊ နိုင်ငံရေးသိပ္ပံ စသဖြင့် ဘာသာစုံသင်ရတဲ့အတွက် မနက်ပိုင်း၊ မွန်းလွဲပိုင်းဆိုပြီး အချိန် ၈ ချိန် ခွဲထားတဲ့ စာသင်ချိန်တွေက အထက်တန်းကျောင်းသားဘဝတုန်းကလိုပဲ များတယ်

mgyoe.com

 mgyoe.com SAMPLE BOOK 

လို့ ဆိုရပါမယ်။ ကျွန်တော်အပါအဝင် ကျောင်းသားကျောင်းသူ အများစုက ၁၇၊ ၁၈ အရွယ်တွေမို့ ကလေးစိတ်လည်းမကုန်တကုန်၊ လူကြီးစိတ်လည်း မဝင့်တဝင်လို့ ပြောရင်ရပါတယ်။ ၁၉၈၆ ဒီဇင်ဘာလကစပြီး တက်ခဲ့ရတဲ့ ဥတ္တရပရဝဏ်နယ်မြေကြီးကို ရင်းနှီးကျွမ်းဝင်ခဲ့တာ နှစ်လရှိနေပြီဖြစ်သလို စတိတ်ကျောင်းတုန်းက မဟုတ်တဲ့ သူငယ်ချင်းအသစ်တချို့နဲ့လည်း ရင်းနှီး၊ ကျွမ်းဝင်၊ မျက်မှန်းတန်းမိစ ပြုနေပြီလို့ ပြောရင်ရပါတယ်။

ဘာပဲဖြစ်ဖြစ် လည်းခေါင်းတုံး လက်ရှည်အဖြူ ကချင်ပုဆိုးခပ်တို၊ ပခုံးနားလောက်မှာ အထုံးထုံးထားတဲ့ ကျော်သူလွယ်အိတ်နဲ့ အသားညိုညို၊ အရပ်ရှည်ပိန်ကိုင်းကိုင်းပုံစံနဲ့ ကျွန်တော်တစ်ယောက် ထိုင်နေကျခုံတန်းဆီ ဝင်ထိုင်လိုက်တဲ့ အခါမှာတော့ ရှေ့တန်းမှာ ထိုင်နေကျ ကျောင်းသူအုပ်စုက ရောက်နှင့်နေကြပါပြီ။ စောမြတ်မြတ်သွင်၊ အေးမော်၊ မေသီမြင့်၊ ရီရီစန်းတို့က ရှေ့တစ်ခုံကျော်မှာ ထိုင်ကြပေမယ့် စုစုဝင်း၊ မိုးမိုးမာနဲ့ မြလေးနွယ်တို့ သုံးယောက်ကတော့ ကျွန်တော်ထိုင်နေရာခုံတန်း အရှေ့မှာပဲ အမြဲထိုင်တတ်ကြတာမျိုးပါ။

ကျွန်တော့်ခုံတန်းမှာတော့ သထုံသား ကိုထွန်းဝင်း၊ ရန်ကုန်သား လွင်နိုင်နဲ့ မင်းလွင်းစိုးတို့က ပုံမှန်ထိုင်တတ်ပြီး ကိုယ်ပိုင်စီးပွားရေးကိစ္စတွေနဲ့ အမြဲအလုပ်ရှုပ်နေတတ်တဲ့ မော်လမြိုင်သား ရဲဇိုးကတော့ ကျောင်းတက်တဲ့ရက်တွေမှ အတူလာထိုင်တတ်ပါတယ်။ တကယ်တော့ သက်ဆိုင်ရာ မေဂျာဆရာမက အတန်းထဲဝင်ပြီး စာလာသင်တဲ့အခါတိုင်း Roll Call ကို နာမည်နဲ့တကွ ခေါ်တတ်လေ့ရှိလို့သာ ဘယ်သူက ဘာနာမည်ဆိုတာ လက်ထောင်ပြမှ ကျွန်တော်တို့ဘက်က နာမည်နဲ့လူ တွဲသိရတာမျိုးပါ။ Roll Call စာရွက်ကို အတန်းရှေ့ချပြီး စာသင်နေရင်းကပဲ တစ်ယောက်တစ်လှည့် လက်မှတ်ထိုးခိုင်းတဲ့ ဆရာတွေလည်း ရှိပါတယ်။ Roll Call မှန်ခြင်းနဲ့ ပရယ်တီကယ်၊ ကျူတိုရီရယ်အမှတ်တွေက စာမေးပွဲကြီးအတွက် အမှတ် ၂၀ ပေးထားပြီးသားဆိုတော့ စာမေးပွဲတွေမှာ အမှတ် ၈၀ ဖိုးပဲ ဖြေကြရတဲ့ သဘောပါ။ အောင်မှတ်က ၄၀ ဖြစ်တာကြောင့် အထက်တန်းကျောင်းသားဘဝလို လှိမ့်ပိန့်ပြီး ကြိုးစားစရာ မလိုတော့ဘူးလို့ ယူဆရင်ရပါတယ်။

အတန်းထဲမှာ ရုပ်ချောသူ၊ ဖက်ရှင်ကျသူ၊ ဟာသစကားတွေနဲ့ အရွှန်းဖောက်တတ်သူ စသဖြင့် ကျောင်းသားအမျိုးစုံရှိတဲ့အတွက် တခြားလူတွေထက်ပိုပြီး လူနဲ့နာမည်ကို တွဲလျက်မှတ်မိတတ်ကြပါတယ်။ မိုးမိုးအေးနဲ့ သက်သက်ဦး၊ သွယ်သွယ်အောင်၊ စန္ဒာဦးတို့က တစ်ဖွဲ့။ ရုပ်ချောပြီး ဝတ်စားပြင်ဆင်တတ်တဲ့ သီတာဦး၊

mgyoe.com

ဝါဝါကျော်၊ ညိုညိုစမ်းတို့က တစ်ဖွဲ့။ ရုပ်သိပ်မလှပေမယ့် ဖက်ရှင်အဆန်းတွေနဲ့ ဝတ်စားပြင်ဆင်တတ်တဲ့ စောမြတ်မြတ်သွင်၊ မေသီမြင့်၊ အေးမော်နဲ့ ရီရီစန်းတို့က တစ်ဖွဲ့ဆိုပြီး ကျွန်တော့်အာရုံထဲမှာ ထူးထူးခြားခြား မှတ်မိနေတယ်လို့ပဲ ပြောရပါမယ်။

ဆန့်ကျင်ဘက်လိင်ကိုသာ စိတ်ဝင်စားတတ်တဲ့ လူငယ်တစ်ယောက်ရဲ့ သဘောတရားအတိုင်းအား ကျောင်းသားအများစုကိုတော့ ကျွန်တော် သိပ်မသိပါဘူး။ ဟာသ အပြောကောင်းတဲ့၊ မကြာမကြာ အရွှန်းထထဖောက်တတ်တဲ့ တရုတ် အေးမော်တို့အုပ်စုနဲ့ နှစ်ယောက်တည်း သီးသန့်လို ဖြစ်နေတတ်တဲ့ ကိုကိုနိုင်နဲ့ ဝင်းကို အပါအဝင် ကျွန်တော့်အနီးတစ်ဝိုက်မှာ ထိုင်တတ်တဲ့ကျောင်းသား တချို့ လောက်ကိုပဲ နာမည်နဲ့လူ တွဲသိတာမျိုးပါ။ ဒါပေမဲ့ ဆံပင်အရှည်ကြီးနဲ့ ရုပ်ချောပြီး တချို့ကျောင်းသူတွေလို တအားကြီး မဝတ်စားနိုင်တဲ့ စုစုဝင်းနဲ့ ယောကျ်ားလျာ ဆန်ဆန် မိုးမိုးမာ၊ ဆံပင်ကုပ်ဝဲလေးနဲ့ ပါတိတ်ဝမ်းဆက်တွေသာ အမြဲဝတ်တတ်တဲ့ မျက်နှာပြည့်ပြည့်၊ နှာတံပေါ်ပေါ်၊ မျက်ခုံးထူထူ မျက်လုံးလှလှနဲ့ မိတ်ကပ်ပါးပါး လိမ်းပြီး နှုတ်ခမ်းစူစူ ဖူးဖူးလေးကို အမြဲဆေးဆိုးတတ်တဲ့ ခပ်ပုပု၊ ဝဝကျောင်မလေး မြလေးနွယ်တို့ကိုတော့ ညီမအရင်းတွေလို သံယောဇဉ်တွယ်ခဲ့မိတာ သေချာပါ တယ်။

သေချာဆို ကျွန်တော်ဆိုတဲ့ကောင်က လှတာမြင်ရင် သဘောကျတတ် ပေမယ့် ရင်ထဲကနေပြီး ထွက်ပေါ်လာတတ်တဲ့ အချစ် ဆိုတဲ့အရာကို နားမလည် သေးသူ ငတုံးလေးတစ်ယောက် ဖြစ်နေခဲ့သေးတာကိုး။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# မော်လမြိုင်တက္ကသိုလ်(ပင်မ)၊ တောင်ဝိုင်းရပ်

# (၃)

မိန်းထဲမှာ ကျင်းပတဲ့ ပြည်ထောင်စုနေ့ ကျောင်းသားပွဲတော်ည ရောက်တဲ့အခါမှာတော့ မှောင်စပျိုးချိန်ကတည်းက မော်လမြိုင်မြို့ အပေါ် လမ်းမှာရှိတဲ့ သိမ်ကုန်းမှတ်တိုင်ကနေပြီး ကျောင်းရှိရာဘက် ဘတ်စ်ကားစီးရင်း ကျွန်တော် ထွက်ခဲ့မိပါတယ်။ ကချင်ပုဆိုးနက်ပြာ ရှပ်အကျီလက်ရှည် အဝါနုရောင်နဲ့ ကျွန်တော်တစ်ယောက် မိန်းထဲကို ရောက်သွားတဲ့အခါမှာတော့ ကျောင်းသား၊ ကျောင်းသူတွေနဲ့ စည်ကားသက်ဝင်နေခဲ့ပါပြီ။ စိန်ပန်းပင်၊ ကံ့ကော်ပင်တွေမှာ ထွန်းညှိထားတဲ့ ရောင်စုံမီးလုံးတွေက ထွန်းလင်းတောက်ပနေသလို ကျောင်းရှေ့မြက်ခင်းပြင်ဆင်ခြေလျှောအဆုံးက စတိတ်စင်ကြီးဟာလည်း အပြင်အဆင်အလှအပတွေ၊ ဆလိုက်မီးရောင်စုံတွေနဲ့ ခံ့ညားထည်ဝါနေတာပါပဲ။ စတိတ်စင်ပေါ်မှာတော့ ကျောင်းသား၊ ကျောင်းသူတွေနဲ့ ဖွဲ့စည်းထားတဲ့ တိုင်းရင်းသားရိုးရာ အက၊ အလှအဖွဲ့တွေက တစ်ဖွဲ့ပြီးတစ်ဖွဲ့ တင်ဆက်ဖျော်ဖြေနေကြတာပါပဲ။

ပင်မဆောင်ကြီးနဲ့ ဝန်းကျင်အနီးတစ်ဝိုက်ကတော့ ရောင်စုံမီးလုံးတွေနဲ့ လှပကြည့်ကောင်းနေတယ်လို့ပဲ ပြောရပါမယ်။ အဓိပတိလမ်းရဲ့ ညာဘက်အခြမ်း ကံ့ကော်တောထဲမှာတော့ မေဂျာအလိုက် စားသောက်ဆိုင်တွေ၊ အပျော်တမ်းမြားပစ်၊ ဘဲခေါင်းကွင်းစွပ်၊ ကြွေပန်းကန်ပြားပေါ် ငွေအကြွေစေ့ပစ် စတဲ့ ဆိုင်ခန်းကလေးတွေနဲ့ စည်ကားသက်ဝင်နေတာပါပဲ။ စာသင်ခန်းမှာကတည်းက လိုက်လံရှောင်းချ

mgyoe.com

mgyoe.com

ခဲ့တဲ့၊ ကြိုတင်ဝယ်ယူထားတဲ့ လက်မှတ်တွေနဲ့ စားသောက်ဆိုင်တွေမှာ ဝင်စားသူစား။ အပျော်တမ်း ကစားနည်းတွေကို ဝင်ကစားသူကစားနဲ့ ပထမနှစ်ကအစ၊ ဂုဏ်ထူးတန်း အလယ်၊ နှစ်ကြီးကျောင်းသားတွေအဆုံး တဝုန်းဝုန်း၊ တရုန်းရုန်းနဲ့ ပျော်ရွှင်စွာ လှုပ်ရှားသွားလာနေကြတာကြောင့် ကိုယ်နဲ့သိတဲ့ သူငယ်ချင်းကိုတောင် ရှာဖို့မလွယ်ဘူးလို့ ပြောရင် ရပါတယ်။

ဒါပေမဲ့ စောမြတ်မြတ်သွင်၊ မေသီမြင့်၊ အေးမော်နဲ့ ရီရီစန်းတို့ လေးယောက်ကို အဓိပတိလမ်းမပေါ်မှာ ဖျတ်ခနဲ မြင်လိုက်ရပေမယ့် ကျွန်တော် လှမ်းမခေါ်ဖြစ်ခဲ့ပါဘူး။ သီရိဒ္ဓံအစ ခေတ်စားနေတဲ့ကာလမို့ သူတို့လေးယောက်စလုံး ပြောင်ပြောင်လက်လက် သီရိဒ္ဓံဝမ်းဆက်တွေနဲ့ လှပ တောက်ပြောင်နေကြတာမျိုးပါ။

ဘာပဲဖြစ်ဖြစ် သင်္ချာမေဂျာက ဖွင့်ထားတဲ့ စားသောက်ဆိုင်ကို ကျွန်တော် ရောက်သွားတဲ့အခါမှာတော့ ကိုထွန်းဝင်း၊ လွင်နိုင်၊ တင်ကျော်မိုး၊ မင်းလွင်စိုးနဲ့ ရဲစိုးတို့ ရောက်နှင့်နေကြပါပြီ။ ကိုကိုနိုင်နဲ့ ဝင်းကိုတို့နှစ်ယောက်ကို တွေ့ရသလို အတန်းထဲမှာ မျက်မှန်းတန်းမိပေမယ့် နာမည်နဲ့လူ တွဲမသိသေးတဲ့ အတန်းသားတွေနဲ့လည်း တွေ့ဆုံရတာပါပဲ။ သီတာဦးတို့အုပ်စု အပါအဝင် အတန်းသူတချို့ကတော့ တရုတ်အေးမော်ရဲ့ ဟာသစကားတွေအောက်မှာ တဝါးဝါးတဟားဟားနဲ့ပါပဲ။

ကျွန်တော်တို့အားလုံး သင်္ချာမေဂျာရဲ့ ကြက်သားပလာတာနဲ့ အအေးရောင်းတဲ့ စားသောက်ဆိုင်မှာ ဝိုင်းကူလိုက်၊ ဘေးကပ်ရက် အပျော်တမ်း ကစားနည်းဆိုင်ကလေးမှာ ဝိုင်းကူလိုက်၊ သူငယ်ချင်းတချို့ ထုတ်ပေးလာတဲ့ လက်မှတ်ကလေးတွေနဲ့ တခြားမေဂျာက ဖွင့်ထားတဲ့ ဆိုင်တွေမှာ သွားစားလိုက်နဲ့ ပျော်ရွှင်ကြရတာတော့ အမှန်ပါပဲ။ စုစုဝင်း၊ မိုးမိုးမာနဲ့ မြလေးနွယ်ကိုတော့ မတွေ့ရပါဘူး။ အချိန်အတော်အတန်ကြာ ဟိုသွား၊ ဒီသွားနဲ့ ပျော်ရွှင်ရယ်မော၊ လည်ပတ်ကြပြီးနောက်မှာတော့ မေဂျာစားသောက်ဆိုင်မှာပဲ ဆက်ထိုင်ဖြစ်ကြပါတယ်။ ဒါပေမဲ့ ဆိုင်ထဲမှာ လူရှင်းစပြုလာတဲ့အခါမှာတော့ စားပွဲပေါ် ချထားတဲ့ ရေတကောင်းဘူးကို ရဲစိုးက ကောက်ယူပြီး ဆိုင်အနောက်ဘက်ကို ထွက်သွားခဲ့ပါတယ်။ ကျွန်တော်၊ မင်းလွင်စိုး၊ လွင်နိုင်နဲ့ ကိုထွန်းဝင်းတို့ ထိုင်နေရာစားပွဲဆီ သူပြန်ရောက်လာတဲ့အခါမှာတော့ ရေတကောင်းဘူးနဲ့အတူ ကြက်သားပလာတာတချို့ ပါလာခဲ့တာပါပဲ။

"ကဲ. . . ငါ့သူငယ်ချင်းတွေအတွက် အအေးနဲ့ ကြက်သားပလာတာ။ စားကြသောက်ကြစမ်း။ ကုန်ရင် ဘာမှမပူနဲ့။ ငါထပ်ရှာပေးမယ်"

"ဝေးဟေးဟေးဟေး"

mgyoe.com

mgyoe.com SAMPLE BOOK

ရဲစိုးရဲ့စကားကြောင့် ကျွန်တော်တို့အားလုံး ဟားခနဲ အော်ဖြစ်ကြပါတယ်။ ဟိုသွားဒီသွား၊ ဟိုလည်ဒီလည်နဲ့ ကျွန်တော်တို့အားလုံး ရေငတ်၊ ဗိုက်ဆာနေကြပြီကိုး။ ဒါပေမဲ့ ရဲစိုး ကမ်းပေးတဲ့ အအေးခွက်ကို ကျွန်တော် ယူသောက်လိုက်တဲ့အခါမှာတော့ ချိုတိုတို ခါးသက်သက် အရသာတစ်မျိုးကြောင့် ကျွန်တော့်မျက်နှာရှုံ့မဲ့သွားရတာပါပဲ။ ဒါ အရက်ရောထားတဲ့ အအေးတွေဆိုတာကို ကျွန်တော်သိလိုက်ပြီးနောက်မှာတော့ တစ်ခွက်က ကုန်သွားခဲ့ပါပြီ။ ရဲစိုး ကမ်းပေးလာတဲ့နောက်တစ်ခွက်ကို ထပ်ယူမိပြန်တဲ့အခါမှာတော့-

"ဘယ်လိုလဲ။ မိုက်လား ဝင်းထွဋ်။ ကြိုက်သွားပြီ မဟုတ်လား"

"အအေးထဲမှာ အရက်တွေ ရောထားတာလား"

"ဟားဟားဟား"

"ဟားဟားဟား"

ကျွန်တော့်ရဲ့ အမေးစကားကြောင့် ရဲစိုးအပါအဝင် သူငယ်ချင်းအားလုံး ရယ်မောလိုက်ကြပြီး ခပ်ပြုံးပြုံးပုံစံတွေနဲ့ပဲ ကျွန်တော့်ကို စိုက်ကြည့်လာကြပါတယ်။ ရဲစိုးကတော့ -

"အအေးနဲ့ ဘီအီးကို ရောထားတာ။ မင်း တစ်ခါမှ မသောက်ဖူးဘူးလား ဝင်းထွဋ်"

"အေး၊ ငါတစ်ခါမှ အရက်မသောက်ဖူးဘူး ရဲစိုးရ"

"သောက်ကြည့်။ တဖြည်းဖြည်းနဲ့ မင်း မြောက်လာလိမ့်မယ်"

ရဲစိုးစကား မှန်မမှန်တော့ မသိပါဘူး။ အအေးနှစ်ခွက် ကုန်သွားပြီးနောက်မှာတော့ ကျွန်တော့်ရင်ထဲမှာ နွေးထွေးဆူဝေသလိုလို၊ အကြောအခြင်တွေကြွလာသလိုလို၊ ပျော်သလိုတွေ ဖြစ်လာခဲ့ပါတယ်။

အအေးသုံးခွက် ကုန်သွားခဲ့ပြီးနောက်မှာတော့ ကျွန်တော်လည်း အများနဲ့တန်းတူ အာသွက်လျှာသွက်တွေ ဖြစ်လာခဲ့ပါတယ်။ ဆက်ရှင်တူးမှာ သင်္ချာသင်ရတဲ့မေဂျာဆရာမကတော့ ကျွန်တော်တို့အဖွဲ့ကို ရိပ်မိပုံရပြီး ကွက်ကြည့်ကွက်ကြည့်ဖြစ်နေတာပါပဲ။ ဒါပေမဲ့ ခဏအကြာမှာတော့ ကျွန်တော်တို့အုပ်စု အနားရောက်လာခဲ့ရင်း။ ကြက်သားပလာတာ လက်မှတ်နှစ်စောင် ထုတ်ပေးရင်းကပဲ -

"မင်းတို့အုပ်စု ဘာလုပ်နေသလဲဆိုတာ ဆရာမ သိတယ်နော်။ အလွန်အကျွံတော့ မဖြစ်စေနဲ့။ ပွဲခင်းထဲသွားပြီး ပြဿနာတွေလည်း ရှာမနေကြနဲ့ဦး။ မေဂျာသိက္ခာကျမယ်။ အစားလေးဘာလေးလည်း များများစားကြ။ ပွဲပြီးလို့ဆိုင်

mgyoe.com

mgyoe.com SAMPLE BOOK

သိမ်းချိန်ရောက်ရင်တော့ ဆရာမတို့နဲ့အတူ။ ဆိုင်ဝိုင်းသိမ်းပေးရမယ်။ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဆရာမ"

မေဂျာဆရာမရဲ့ စကားကို ကျွန်တော်တို့အားလုံး ပြုံးစိစိ၊ ရယ်ကျဲကျဲ၊ သူခိုးလူမိပုံစံတွေနဲ့ ထောက်ခံခေါင်းညိတ်ပြလိုက်ပြီးနောက်မှာတော့ ရေတကောင်း တစ်ဘူးလုံးကုန်တဲ့အထိ ဆက်သောက်ကြပါတယ်။

အဲ့ဒီနောက်မှာတော့ ပွဲခင်းထဲ ပြန်ပတ်ကြ၊ တစ်ယောက်ပခုံး တစ်ယောက် ဖက်ပြီး ဓာတ်ပုံအတူတူ စုရိုက်ကြ၊ ကောင်မလေးတွေကို လိုက်စကြ၊ အတွဲလိုက် ချောင်းကြနဲ့ ကျွန်တော့်ခြေလှမ်းတွေဟာလည်း လွတ်လပ်ပေါ့ပါးပြီး လေထဲမှာ လမ်းလျှောက်နေသလိုလိုတွေ ဖြစ်နေခဲ့တာပါပဲ။ အချိန်တန်လို့ ပွဲပြီးသွားတဲ့အခါ မှာတော့. . . ဆရာမ ပြောထားတဲ့စကားအတိုင်း ဆိုင်ခန်းခင်းထားတဲ့စားပွဲ၊ စာသင်ခုံတွေကို မေဂျာရုံးခန်းရှိရာ သုံးထပ်အထိ ကူသယ်ပေးကြပေမယ့် အရက် အရှိန်ကြောင့် ကျွန်တော်တို့အားလုံး ပင်ပန်းတယ်လို့ မထင်ခဲ့ကြပါဘူး။ စားပွဲ၊ ကုလားထိုင်၊ ခုံတန်းတွေက အောက်ကနေအပေါ်အထိ ဘယ်လိုကဘယ်လို ရောက် သွားမှန်း မသိလောက်အောင်ကို ပေါ့ပါးစွာနဲ့ပဲ ကူသိမ်းပေးခဲ့ကြတာမျိုးပါ။

ဘာပဲဖြစ်ဖြစ် နောက်တစ်နေ့မနက် ကျောင်းပြန်တက်တဲ့ရက်မှာတော့ ခေါင်းကိုက် အုံခဲသလိုဖြစ်နေတဲ့ ကျွန်တော်တစ်ယောက် ညတုန်းက အတူသောက် စားခဲ့ကြတဲ့ သူငယ်ချင်းတွေရဲ့ မျက်နှာကိုကြည့်ပြီး ပျော်သလိုလို၊ လွမ်းသလိုလိုနဲ့ ရယ်ချင်နေမိတာတော့ အမှန်ပါပဲလေ။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# မော်လမြိုင်တက္ကသိုလ် ဥတ္တရပရဝဏ်၊ ရွှေတောင်ရပ်

## (၄)

မနက်စောစော ကျွန်တော် ကျောင်းကို ရောက်သွားတဲ့အခါမှာတော့ ကိုထွန်းဝင်းတစ်ယောက် ကြိုရောက်နေခဲ့ပါပြီ။ သူ့လက်ထဲမှာ ကိုင်ထားတဲ့ နှင်းဆီပန်းတစ်ပွင့်ဟာ ဘယ်သူ့အတွက်များလဲလို့ မေးစရာမလိုတဲ့အထိ ကျွန်တော်ကိုယ်တိုင် ရိပ်မိနေခဲ့ပါပြီ။ စိတ်ပါရင်ပါသလို အခွင့်သင့်ရင်သင့်သလို ရနံ့သင်းသင်းကလေးတွေနဲ့ မွှေးပျံ့လှပနေတဲ့ နှင်းဆီ၊ စံပယ်၊ ခရေ စသဖြင့် ယူယူလာတတ်ပြီး စုစုဝင်း ထိုင်နေကျနေရာမှာ ချထားတတ်လေ့ရှိတဲ့ ကိုထွန်းဝင်းရဲ့ လုပ်ရပ်ကို ကျွန်တော် သိခဲ့တာကြာပါပြီ။

ကိုထွန်းဝင်းအနေနဲ့ စုစုဝင်းအပေါ် ဘယ်လိုသဘောထားသလဲ ဆိုတာ အတိအကျ ကျွန်တော် မသိပေမယ့် ကိုထွန်းဝင်း ချထားပေးတဲ့ပန်းတွေကို စုစုဝင်းကတော့ လက်ထဲကိုင်ထားတာမျိုး စာအုပ်အပေါ်တင်ထားတာမျိုးတွေ လုပ်လေ့ရှိပေမယ့် ပန်လေ့ပန်ထတော့ မရှိခဲ့ပါဘူး။ ဒါပေမဲ့ ကိုထွန်းဝင်း ချထားပေးလေ့ရှိတဲ့ပန်းတွေကို စုစုဝင်းဘက်က အမြတ်တနိုးနဲ့ ပန်လိုက်ပြီဆိုရင်တော့ ဆံပင်အရှည်ကြီးနဲ့ မြန်မာဆန်ဆန်လှတဲ့ စုစုဝင်းတစ်ယောက် ကျက်သရေရှိရှိနဲ့ ပိုပြီးလှပသွားတာတော့ အမှန်ပါပဲ။ ဒါကလည်း ဆယ်ခါမှတစ်ခါ ဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့အုပ်စုရဲ့ အနီးအပါးမှာ ထိုင်တတ်ကြတဲ့ မိန်းကလေးအများစုနဲ့ ပတ်သက်ပြီး ကိုထွန်းဝင်းရဲ့ သဘောထားအမှန်ဟာ မောင်ရင်းနှမစိတ်မျိုးဆိုတာလောက်

mgyoe.com

mgyoe.com SAMPLE BOOK

တော့ ကျွန်တော် ရိပ်မိပါတယ်။ စုစုဝင်းဘက်ကလည်း ပန်းလာလာပေးတဲ့ အစ်ကိုကြီးတစ်ယောက် အဆင့်မျိုးသာ မှတ်ယူထားပုံပါပဲ။ ပန်းပေး ပန်းယူကိစ္စနဲ့ ပတ်သက်ပြီး ကိုထွန်းဝင်းနဲ့ စုစုဝင်းကို တစ်မျိုးတစ်မည်ဖြစ်စေအောင် စနောက်၊ ချိတ်ဆက်ပေးတာမျိုး ကျွန်တော်တို့အားလုံး မလုပ်ခဲ့ကြပါဘူး။ ပန်းပေးတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကိုထွန်းဝင်းရဲ့ဆန္ဒအမှန်ကို ဘယ်သူမှ အတိအကျ မသိနိုင်ပေမယ့် စုစုဝင်းကတော့ သူတို့အနောက်တန်းမှာထိုင်တဲ့ ကျွန်တော်တို့အားလုံးကို အစ်ကို တွေအနေနဲ့သာ ရင်းရင်းနှီးနှီး၊ တန်းတူဆက်ဆံခဲ့တာမျိုးပါ။

အတန်းအားတဲ့ အချိန်တစ်ခုမှာတော့ အပြင်မထွက်ဖြစ်တဲ့ ကျွန်တော်ဟာ စာသင်ခန်းထဲက ခုံမှာထိုင်ရင်း ရောင်စုံခဲတံနဲ့ ပန်းချီဆွဲနေခဲ့မိပါတယ်။ သင်တန်း ကျောင်းမှာပဲဖြစ်ဖြစ် ဆရာတစ်ယောက်နဲ့ပဲဆိုဆို ဟန်ကျပန်ကျဖြစ်အောင် သင်ယူ မထားမိတဲ့ ကျွန်တော့်ရဲ့ ပန်းချီလက်ရာတွေက ပုံမကျပန်းမကျလို့ ပြောရင်ရပေမယ့် ပင်ကိုယ်ဓာတ်ခံဗီဇနဲ့ ပတ်ဝန်းကျင်အမြင်သဘောအရ သိပ်အဆိုးကြီးတော့ မဟုတ် သေးပါဘူး။

အာရုံထဲပေါ်လာတဲ့ သဘာဝရှုခင်းတွေကို ရေးဆွဲဖြစ်တဲ့အခါမှာတော့ အတော်အတန် အဆင်ပြေတယ်လို့ ပြောရင်ရပါတယ်။ ပုံတူပန်းချီတွေဆိုရင်တော့ တတ်နိုင်သမျှ အပြင်ကနဲ့ တထေရာတည်း မဟုတ်ရင်တောင် နီးနီးစပ်စပ်တူအောင် ကြိုးစားလေ့ ရှိပါတယ်။

အတန်းထဲမှာတော့ ဟိုတစ်စုဒီတစ်စုထိုင်ရင်း စကားပြောနေကြတဲ့ ကျောင်းသားကျောင်းသူတွေရှိသလို ကျွန်တော်နဲ့အတူ ထိုင်လေ့ရှိတဲ့ လွင်နိုင်က တော့ ကော်ရစ်ဒါမှာ ရပ်နေတဲ့ မိုးမိုးမာကို ချစ်ရေးဆိုဖို့ ကြိုးစားနေတာလားတော့ မသိပါဘူး။ မိုးမိုးမာဘက်က ကြည်သလိုလို မကြည်သလိုလို အချိုးမျိုးဖြစ်နေတာ တော့ အမှန်ပါပဲ။ စုစုဝင်းနဲ့ မြလေးနွယ်တို့ နှစ်ယောက်ကတော့ သင့်တော်ရာ ခုံတန်းတစ်ခုမှာ ထိုင်ရင်း စကားတွတ်ထိုးနေကြတာမျိုးပါ။ စုစုဝင်းက ဆံပင် အရှည်ကြီးနဲ့ ရုပ်ချောသူတစ်ယောက်ဖြစ်တဲ့အတွက် အတန်းထဲက ကျောင်းသား အများစုရဲ့ စိတ်ဝင်စားမှုကို ခံရလေ့ရှိသူတစ်ယောက်ပါ။ အနေအထိုင် သိုသိပ်ပြီး ရိုးရိုးအေးအေးနဲ့ မကလက်တတ်တဲ့အတွက် တော်ရုံကျောင်းသားကတော့ သူ့ကို သွေးတိုး မစမ်းရဲကြပါဘူး။ ကျွန်တော်မျက်စိထဲမှာတော့ စုစုဝင်းဟာ လှတဲ့ကျောင်း သူထဲမှာ ပါဝင်ပေမဲ့ ကိုယ်ခန္ဓာ ပိန်ပိန်သေးသေး၊ ကလေးမလေးတစ်ယောက်နဲ့ တူနေတယ်ဆိုတဲ့အမြင်မျိုးပဲ ရှိခဲ့တာပါ။ သူ့ကို လာလာပိုးနေတဲ့ အသေးလေး

mgyoe.com

mgyoe.com SAMPLE BOOK
ဆိုတဲ့ကောင်နဲ့လည်း လိုက်ဖက်တယ်လို့ ကျွန်တော့်စိတ်က ထင်ခဲ့မိတာပါပဲ။

ရှုခင်းပန်းချီကို ကျောင်းစာအုပ်နောက်ကျောဘက်မှာ ဆွဲလိုက် အတန်းထဲက ကျောင်းသားကျောင်းသူတွေကို အကဲခတ်လိုက် လုပ်နေမိတဲ့ ကျွန်တော်ဟာ စုစုဝင်းနဲ့ မြလေးနွယ်ကို ကြည့်ရင်းကပဲ ဘာရယ်မဟုတ် အမျိုးသမီးမျက်နှာတစ်ခုကို ကောက်ဆွဲမိခဲ့ပါတယ်။ မျက်နှာဝိုင်းဝိုင်း၊ မျက်ခုံးမျက်လုံးလှလှ၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းစူစူ ဖူးဖူးလေးနဲ့ အမျိုးသမီးတစ်ယောက်ရဲ့ မျက်နှာဟာ ကုပ်ဝဲဆံပင်လေးကြောင့် ကျွန်တော့်မျက်စိထဲမှာတော့ ကြည့်ကောင်းနေသလိုလိုပါပဲ။ ဒါပေမဲ့ မျက်နှာပုံစံက အဆင်ပြေသလောက် ကိုယ်လုံးကိုယ်ပေါက်ကို ထည့်ဆွဲတဲ့အခါမှာတော့ အချိုးအဆစ်ရဲ့ သဘောတရားကို မသိတဲ့ ကျွန်တော့်ရဲ့အားနည်းချက်ကြောင့် ဝနေသလိုလိုဖြစ်သွားတာပါပဲ။ အဲဒီနောက်မှာ စိတ်ပေါက်သလို ဖြစ်လာတဲ့ ကျွန်တော်ဟာ အမျိုးသမီးရဲ့ ခန္ဓာကိုယ်ကို ပိန်အောင် မလုပ်တော့ဘဲ ဝသထက်ဝအောင် ထပ်ဆွဲရင်း။ ပါတိတ်ပုံစံ အဝတ်အစားတွေ ထည့်ဆွဲရင်း။ နှုတ်ခမ်းနီနဲ့ မိတ်ကပ်ကို ရောင်စုံခဲတံတွေနဲ့ ရေးခြယ်လိုက်မိတာပါပဲ။

အတန်းတက်ချိန်နီးလို့ ကျောင်းသားကျောင်းသူတွေ အခန်းထဲပြန်ဝင်လာကြစဉ်မှာတော့ မိုးမိုးမာ၊ စုစုဝင်းနဲ့ မြလေးနွယ်တို့သုံးယောက်စလုံး ကျွန်တော့်ရှေ့ကခုံတန်းမှာပဲ ဝင်ထိုင်လိုက်ကြပါတယ်။ ကျွန်တော့်ဘေးနား ရောက်လာတဲ့ လွင်နိုင်ရဲ့ မျက်နှာက မချိုမချဉ်နဲ့ ပြုံးစိစိပုံစံဖြစ်နေသလောက် မိုးမိုးမာကတော့ မာရေကြောရေ စိတ်ဆိုးနေတဲ့ပုံစံမျိုးနဲ့ပါ။ စုစုဝင်းနဲ့ မြလေးနွယ်ကတော့ ပြောလက်စ စကားတွေ အမျှင်မပြတ်သေးတဲ့အတွက် စကားတွေ ရေပက်မဝင်အောင် ပြောလိုက်ကြ ခပ်တိုးတိုးရယ်လိုက်ကြနဲ့ပါပဲ။ ဒါပေမဲ့ မြလေးနွယ်ရဲ့ အမျှင်မပြတ်စကားသံတွေနဲ့ ရယ်သံချိုချိုကလေးကို မနာလိုဝန်တိုဖြစ်လာတဲ့ ကျွန်တော်ဟာ ဆွဲထားတဲ့ ပန်းချီပုံကို သေချာကြည့်ရင်းကပဲ တစ်စုံတစ်ခုကို သဘောပေါက်လိုက်ပြီး ရယ်မိသွားပါတယ်။ စာရွက်ပေါ်က ခပ်လှလှမျက်နှာပေါက်နဲ့ ခပ်ဝဝ အမျိုးသမီးကတော့ နှုတ်ခမ်းစူစူကလေးနဲ့ပဲ ကျွန်တော့်ကို စိတ်ကောက်နေသလိုလိုပါ။ ဘာပဲဖြစ်ဖြစ် ဆွဲထားတဲ့ပန်းချီပုံကို သေချာကြည့်ရင်း အူယားသလိုလို ဖြစ်လာတဲ့ ကျွန်တော်ဟာ ပန်းချီစာရွက်ကို စာအုပ်ထဲက သေချာဆုတ်ပြီး ရှေ့တန်းက မြလေးနွယ်ဆီ ကမ်းပေးလိုက်တဲ့အခါမှာတော့ စုစုဝင်းနဲ့ မြလေးနွယ်တို့ ပြောလက်စစကားတွေ ရပ်သွားခဲ့ကြပါတယ်။ ပန်းချီပုံကို နှစ်ယောက်အတူ ခေါင်းချင်းဆိုင်ရင်း သေချာကြည့်လိုက်ကြပြီးနောက်မှာတော့ စုစုဝင်းက ပါးစပ်ကို လက်ဝါးနဲ့ ပိတ်ပြီး
mgyoe.com

mgyoe.com SAMPLE BOOK
ရယ်လိုက်ပေမဲ့ မြလေးနွယ်ကတော့ ကျွန်တော့်ကို စိတ်ဆိုးသွားခဲ့တာပါပဲ။

"နင်. . . နင် ငါ့ကိုလှောင်တာပေါ့လေ၊ ဟုတ်လား ဝင်းထွဋ်"

မြလေးနွယ်ရဲ့ ခပ်ဆတ်ဆတ် စကားသံကြောင့် ကျွန်တော်လည်း အားရပါးရ ရယ်ချင်နေတဲ့မျက်နှာပိုးကို အမြန်သတ်လိုက်ရပြီး မချိုမချဉ်ပုံစံနဲ့ပဲ ပြန်ဖြေရပါတယ်။

"မဟုတ်ရပါဘူးဟာ။ ငါ့ဟာငါ ဆွဲရင်းဆွဲရင်းနဲ့ နင်နဲ့တူသလိုလို ဖြစ်သွားလို့ ပြကြည့်လိုက်တာ။ တကယ်တူသွားလို့လားဟ"

"သေနာ့ကောင်။ တူမတူ နင့်ဟာနင် သေချာပြန်ကြည့်ပါလား။ ရုပ်ကိုက စပ်ဖြဲဖြဲ၊ ပိန်ပိန်ရှည်ရှည်၊ ကိုင်းကိုင်းနဲ့ ကာတွန်းအောင်ရှိန်ရဲ့ စံပရုပ်။ သူများသားသမီးကို မှိုချိုးမျှစ်ချိုး လာလုပ်နေတယ်။ ကဲဟာ ကဲဟာ၊ ရော့ နင့်ဟာနင်ပြန်ယူ"

"ဟား ဟား ငါရုပ်က စံပရုပ်တဲ့လား မြလေးနွယ်ရာ။ ဟားဟားဟား"

မြလေးနွယ်တစ်ယောက် စိတ်ဆိုးသွားခဲ့ပြီးနောက်မှာတော့ ကျွန်တော်ဆွဲထားတဲ့ ပန်းချီစာရွက်ကို လုံးချေရင်း ကျွန်တော့်ကို ပစ်ပေါက်လိုက်ပါတယ်။ တဟားဟား ရယ်နေမိတဲ့ ကျွန်တော်ကတော့ မြလေးနွယ် ပစ်ပေါက်ပြန်ပေးလာတဲ့ စာရွက်လုံးကလေးကို ပြန်ကောက်ရတာပါပဲ။ အရှိန်မသေသေးတဲ့ ကျွန်တော်ကတော့ -

"အေးပါဟာ၊ အေးပါ။ စိတ်မဆိုးပါနဲ့ သူငယ်ချင်းရာ။ ငါက နင်ပြောသလိုပဲ ကာတွန်းအောင်ရှိန်ဆွဲတဲ့ စံပ ရုပ်ပါဟာ။ နင်ကလည်း ပုပုဝဝ ဆိုတော့ မယ်ခပေါ့နော်"

"ဟင်. . . နင်. . . နင်. . . ငါ့ကို ကဲဟာ. . . ကဲဟာ"

"ဟားဟားဟား

ဟားဟားဟား

ဟားဟားဟား"

ကျွန်တော်တို့ နှစ်ယောက် အချီအချ ပြောနေကြတဲ့စကားတွေကို သဘောပေါက်သွားပုံရတဲ့ အနီးအနားက သူငယ်ချင်းတချို့ တဟားဟား ရယ်မောကြတဲ့အတွက် ကျွန်တော်လည်း သူတို့နဲ့ထပ်တူ လိုက်ရယ်မိတာပါပဲ။ မျက်နှာကြီးရဲပြီး ဒေါသထွက်နေပုံရတဲ့ မြလေးနွယ်ကတော့ နောက်တန်းက ကျွန်တော့်ကို သူ့လွယ်အိတ်နဲ့ အကြိမ်ကြိမ်အခါခါ လှမ်းထုတာပါပဲ။

ဘာပဲဖြစ်ဖြစ် အတန်းတက်ဘဲလ်တီးထားပြီဖြစ်နေပေမယ့် ဆရာ မလာ

mgyoe.com

mgyoe.com SAMPLE BOOK

သေးတဲ့အတွက် အခန်းထဲမှာတော့ ရယ်မော၊ ပြောဆို၊ ပျော်ရွှင်နေကြတဲ့အသံတွေနဲ့ အုန်းအုန်းထနေတာပါပဲ။ ကျွန်တော့်ရဲ့ မရည်ရွယ်ဘဲဖြစ်သွားတဲ့ အစသန်မှုကြောင့် မြလေးနွယ်တစ်ယောက် ကျွန်တော့်ကို အမှန်အကန် စိတ်ဆိုးသွားပြီဆိုတာကတော့ သေချာပါတယ်။ ကျွန်တော် ဘာကြောင့် ဒီပုံကိုဆွဲမိတာလဲ၊ ဘာကြောင့်မြလေးနွယ်နဲ့ ခပ်ဆင်ဆင် သွားတူနေရတာလဲဆိုတဲ့ အတွေးဝင်လာခဲ့ပေမယ့် ကျွန်တော့်ရဲ့ အတွင်းစိတ်ကိုတောင် ကျွန်တော် သေချာမသိဘူးလို့ဘဲ အဖြေက ထွက်ပါတယ်။ သူတစ်ပါးရဲ့ အားနည်းချက်ကို လှောင်ချင်တာလားလို့ မေးလာခဲ့မယ်ဆိုရင်လည်း "အဲ့လိုလည်း မဟုတ်ဘူး" လို့ ကျွန်တော် ပြန်ဖြေမိမှာပါပဲ။

သေချာတာတစ်ခုကတော့ လတ်တလောမှာ ဖြစ်ပျက်သွားတဲ့ အဖြစ်အပျက်တစ်ခုကြောင့် ကျွန်တော့်စိတ်ထဲမှာ ပျော်နေတယ်၊ ကြည်နူး၊ ကျေနပ်နေတယ် ဆိုတာတော့ အမှန်ပါပဲ။

မှန်ဆို ကျွန်တော်တို့အားလုံးက အထက်တန်းကျောင်းသားစိတ်၊ ကလေးစိတ် မကုန်သေးတဲ့ တက္ကသိုလ်ကျောင်းသားတွေပဲ မဟုတ်လား။

ဒါပေမဲ့ အဝတ်အစား လေးငါးခြောက်စုံကို အဆင်ပြေသလို လှည့်ပတ်ဝတ်ရင်း တတ်နိုင်သူတွေလို ယိုးဒယားဖြစ် အသစ်အဆန်းတွေလည်း မဝတ်နိုင်တဲ့၊ အပေါ်စားလက်ပတ်နာရီကလေး တစ်လုံးတောင် မရှိတဲ့ ကျွန်တော့်အနေနဲ့ကတော့ မြလေးနွယ်ရဲ့ စူးစမ်းမှုမျက်ဝန်းတွေနဲ့ မကြာမကြာရင်ဆိုင်ရတာမျိုးတွေ ရှိပါတယ်။

တက္ကသိုလ်ရဲ့ ခြေလှမ်းတောင်တက်အသင်းဝင်ကြဖို့အတွက် မြလေးနွယ်တို့အုပ်စုဘက်က စည်းရုံးလာတဲ့အခါတွေမှာတော့ ဝတ်စုံ၊ ကျောပိုးအိတ်၊ ကင်းဘတ်ဖိနပ်တွေ မဝယ်နိုင်လို့ အသင်းမဝင်ချင်တဲ့အကြောင်း ပြန်ပြောဖြစ်တဲ့အခါမှာလည်း မြလေးနွယ်ရဲ့ ကရုဏာသက်နေတဲ့ မျက်ဝန်းတစ်စုံနဲ့ ရင်ဆိုင်ရပြန်တာပါပဲ။

နေ့လယ်ခင်းအတန်းအားလို့ ကန်တင်းထိုင်ကြတဲ့အချိန်တွေမှာ တချို့ကျောင်းသားတွေလို ကန်တင်း မထိုင်နိုင်တဲ့အတွက် အတန်းထဲမှာတစ်ယောက်တည်း ထိုင်ရင်း ပန်းချီဆွဲနေတတ်တာမျိုးကိုတော့ မြလေးနွယ်ဘက်က သတိထားမိမှာလည်း မလွဲပါဘူး။ ဒါကလည်း ထမင်းချိုင့်မပါလာတဲ့ ရက်တွေမှပါလေ။ အများစုကတော့ အထက်တန်းကျောင်းသားတွေလို ထမင်းချိုင့်မယူကြတဲ့အတွက် အတန်းထဲမှာလည်း ထမင်းချိုင့်ကြီးနဲ့ ထိုင်စားနေတာမျိုး မရှိကြပါဘူး။ ကျွန်တော့် ထမင်းချိုင့်ပါလာတဲ့ ရက်တွေဆိုရင်တော့ ကိုထွန်းဝင်းရဲ့ ဒိုင်ဆောင်မှာပဲ သွားစားရပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သချောတာကတော့ ကျောင်းစတက်ပြီး တစ်လနှစ်လအတွင်းမှာပဲ အတူထိုင်နေရာ အနီးတဝိုက်မှာရှိတဲ့ သူငယ်ချင်းအများစုကတော့ ကျွန်တော်ဆိုတဲ့ ကောင်ဟာ မပြည့်စုံခြင်းများစွာနဲ့ တက္ကသိုလ်ပညာကို လက်ရောက်သင်ယူနေတဲ့ ဒေးကျောင်းသားတစ်ယောက်မှန်း ရိပ်မိလာကြတာတော့ အမှန်ပါပဲ။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# (၅)

"တီ. . . တီ. . . တီ. . ."

"တီ. . . တီ. . . တီ. . ."

မော်လမြိုင်မြို့ရဲ့ သိမ်ကုန်းရပ်ကွက် အောက်လမ်းမကြီးပေါ် မှာရှိတဲ့ အမှတ် ၇၂ သစ်စက်ဝင်းထဲက သုံးခန်းတွဲ ဝန်ထမ်းလိုင်းခန်းရှေ့ ဝင်းတံခါးပေါက်မှာ စက်နှိုးထားဆဲ ဆိုင်ကယ်တစ်စီးရဲ့ ဟွန်းတီးသံကြောင့် အဒေါ်တို့မိသားစု နေထိုင်ရာ လိုင်းခန်းထဲကနေပြီး ကျွန်တော် ထွက်ကြည့်လိုက်တဲ့အခါမှာတော့. . . ထင်တဲ့အတိုင်းပါပဲ။

ပလေကပ် ပုဆိုးအပြာရောင် အကွက်ကြီးကြီးနဲ့ GQ စပို့ရှပ်ဝတ်ဆင်ထားတဲ့ အရပ်မြင့်မြင့်၊ အသားညိုညို၊ ဆံပင်ရှည်ရှည်နဲ့ သူငယ်ချင်း ရဲစိုးကတော့ ဆိုင်ကယ်ဦးထုပ်ချွတ်ပြီး ကျွန်တော့်ကို ပြုံးပြလာတာပါပဲ။ ရဲစိုးရဲ့ပခုံးပေါ် မှာ စလွယ်သိုင်းထားတဲ့ ကျော်သူလွယ်အိတ် အစိမ်းရောင်ကို သတိထားလိုက်မိတဲ့ ကျွန်တော်ကတော့ -

"ဒီနေ့ ကျောင်းတက်တော့မယ်ပေါ့"

"အေး. . . ဝင်းထွဋ်။ အလုပ်က နေ့တိုင်းရှိနေတာဆိုတော့ တမင်ပဲ ရပ်ထားလိုက်ပြီး ကျောင်းကို လာခဲ့လိုက်တာ။ ရိုးကောက အစားထိုးပြီး လက်မှတ်ထိုးပေး၊ ပုံမှားရိုက် လက်ထောင်ပြီး တစ်ယောက်ယောက်က အစားထိုး အော်ပေး

mgyoe.com

mgyoe.com SAMPLE BOOK
လို့ ရပေမယ့် ကျူတိုရီရယ်နဲ့ ပရယ်တီကယ်က အစားထိုးလို့ မရဘူးလေကွာ။ တစ်ပတ်မှာ နှစ်ရက်လောက်တော့ ကျောင်းအတက်ပြရသေးတာပေါ့ ဟားဟားဟား။ ဒီနေ့ ကယ်မစ်စတွီ ပရယ်တီကယ်ရှိတယ် မဟုတ်လား။ လာလေ။ ငါနဲ့အတူ ကျောင်းသွားဖို့ မင်းကို လာခေါ်တာ။ ကဲ. . . လုပ်တော့"

"အေးအေး သူငယ်ချင်း။ ခဏလေးကွာ။ အဝတ်အစားလဲတာက မကြာပါဘူး။ အဒေါ် လုပ်ပေးမဲ့ ထမင်းချိုင့်က မရသေးဘူးဖြစ်နေတာ။ ခဏတော့ စောင့်ပေး"

ကျွန်တော့်စကားကြောင့် ရဲစိုးတစ်ယောက် အရာရာကို သဘောပေါက်သွားပြီးနောက်မှာတော့ -

"ထမင်းချိုင့် ယူမနေနဲ့တော့ ဝင်းထွန်း။ ငါ့ဒီနေ့ တစ်နေကုန် ကျောင်းတက်မှာလေကွာ။ မင်းကို ဒကာခံမှာ မပူနဲ့။ အဝတ်အစားသာလဲပြီး ထွက်ခဲ့လိုက်တော့"

ရဲစိုးရဲ့စကားကို အသိအမှတ်ပြု ခေါင်းညိတ်ပြလိုက်ပြီးနောက်မှာတော့ လိုင်းခန်းထဲ ပြန်ဝင်ပြီး အဒေါ့်ကို ထမင်းချိုင့်မယူဖြစ်တဲ့အကြောင်း အသိပေးရင်း ခပ်မြန်မြန် အဝတ်အစားလဲရတာပါပဲ။ အဒေါ့်သားသမီးတွေကတော့ အထက်တန်းကျောင်းကားအမီ ကိုယ်စီကိုယ်ငှ ပြင်ဆင်နေကြပါပြီ။ အဒေါ့်ယောကျ်ား သစ်စက်စာရေး ဦးလေးကတော့ ဘုရားခန်းထဲမှာ ဝတ်ပြုနေဆဲပါ။ အဝတ်အစားလဲ လွယ်အိတ်ကောက်ဆွဲလိုက်ပြီးနောက်မှာတော့ ဝင်းတံခါးဝမှာ ရပ်ထားတဲ့ ရဲစိုးရဲ့ စူပါကပ်ဆိုင်ကယ်ပေါ် နောက်က တက်ခွရင်း နှစ်ယောက်သား ထွက်လာခဲ့ကြပါတယ်။ အောက်လမ်းမကြီးပေါ်မှာတော့ လူတွေ၊ ကားတွေ၊ မြင်းလှည်း၊ စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်တွေနဲ့ စည်ကားသက်ဝင်နေခဲ့ပါပြီ။ ပါတီယူနစ်ရုံးရဲ့ ဘယ်ဘက် ခြံဝင်းတစ်ခုနားမှာရှိတဲ့ သိမ်ကုန်းရပ်ကွက်ရဲ့ လမ်းသွယ်ကလေးအတိုင်း အထက်လမ်းမကြီးရှိရာဘက် မောင်းတက်ကြရတာမျိုးပါ။

တကယ်တော့ မော်လမြိုင်မြို့နဲ့ သိပ်မဝေးလှတဲ့ ကောရွာမှာနေထိုင်သူ မုဆိုးမသား ကျွန်တော်ဟာ အဘိုးအဘွားရဲ့အရိပ်မှာနေထိုင်ရင်း အစ်ကို၊ အစ်မ၊ အဒေါ် အဖိုကြီးနဲ့ အဘိုးရဲ့အစ်ကို ရွာကျောင်းထိုင်ဘုန်းကြီးတို့ရဲ့ ငါးကျပ်၊ တစ်ဆယ် အထောက်အပံ့နဲ့ တက္ကသိုလ်တက်နေရတဲ့ ကျောင်းသားတစ်ယောက်ပါ။ မီးယပ်ရောဂါစွဲကပ်နေတဲ့ အမေကြောင့် ကျွန်တော်တို့ မောင်နှမငါးယောက်စလုံး ၄ း ၅ငြင် သင့်ရာနေရာတွေမှာ တကွဲတပြား နေထိုင်ကြရတာပါ။ အစ်ကိုလတ်၊ အမေနဲ့

mgyoe.com SAMPLE BOOK

အစ်မကတော့ ကျွန်တော်နဲ့အတူ ရွာမှာပဲအတူ နေထိုင်ကြပါတယ်။ အဘိုးနဲ့ အဘွားကတော့ အမျိုးအဆွေတွေထဲမှာ ပထမဦးဆုံး ဆယ်တန်းအောင်ပြီး တက္က သိုလ်တက်ခွင့်ရခဲ့တဲ့ ကျွန်တော့်ရဲ့ ပညာရေးအတွက် အဓိက လမ်းညွှန်ပေးနေကြ သူတွေလို့ ပြောရင်ရပါတယ်။ ဒါပေမဲ့ ရွာကနေပြီး ရွှေတောင်ရပ်မှာရှိတဲ့ ဥတ္တရ ပရဝဏ်ကို တိုက်ရိုက်ကျောင်းတက်ရတဲ့ကိစ္စက ကသီလင်တနဲ့ အလှမ်းဝေးလွန်းတဲ့ အတွက် အဒေါ်မိသားစုနေထိုင်ရာ သိမ်ကုန်းရပ်ကွက် သစ်စက်ဝင်းထဲကနေပြီး ကျောင်းလာတက်ရတဲ့ သဘောပါ။ အဒေါ်မိသားစုက နေစရာပေး၊ နေ့စဉ်ထမင်း နှစ်နပ်ကျွေးရုံကလွဲပြီး ကျောင်းကိစ္စအဝဝအတွက် တာဝန်မယူနိုင်ပါဘူး။

ရဲစိုး ကျောင်းမတက်တဲ့ ရက်တွေပဲဖြစ်ဖြစ်၊ လမ်းကြုံလိုက်ဖို့ လာမဝင်ခေါ် တဲ့အခါတွေပဲဆိုဆို ကျွန်တော်ရဲ့ ပုံမှန်ကျောင်းသွားခရီးစဉ်ကတော့ သစ်စက်ဝင်းကြီး ရဲ့ မျက်စောင်းထိုး သိမ်ကုန်ရပ်ကွက်ရဲ့ လမ်းသွယ်ကလေးထဲကနေပြီး အထက်လမ်း မကြီးကို ဆယ့်ငါးမိနစ်လောက် လမ်းလျှောက်ရပါတယ်။ အထက်လမ်းမကြီး ပေါ်မှာရှိတဲ့ သိမ်ကုန်းမှတ်တိုင်ကနေပြီး ကျောင်းရှိရာ ရွှေတောင်မှတ်တိုင်ကို အမှတ် ၇ ဘတ်စ်ကား စီးရပါတယ်။ ကားခက ငါးမူးပါ။ မော်လမြိုင်မြို့ရဲ့ ဘတ်စ် ကားအများစုကတော့ အင်္ဂလိပ်ခေတ်လက်ကျန် စက်ခေါင်းပုပု၊ နဖူးမောက်မောက် မျက်လုံးပြူးပြူး ချက်ပလက်ကားကို မြန်မာမှုပြုထားတဲ့ အမိုးခပ်နိမ့်နိမ့် သံဖရိန် သစ်သားကိုယ်ထည်ကားတွေပါ။ ကားထဲဝင်ထိုင်တဲ့အခါ အပေါ်လက်တန်းကို ကိုင်ရင်း ဖင်ကုန်း ဝင်ရပါတယ်။ ထိုင်စရာနေရာ မရရင်တော့ ဘေးဘက်ခုံတန်း နှစ်တန်းနဲ့ အလယ်ခုံတန်းကြားမှာ ဆောင့်ကြောင့်ထိုင်ပြီး လိုက်ရပါတယ်။ ကား အနောက်ဘက်ကနေပြီး တွယ်စီးချင်လည်း စီးပေါ့လေ။ မုဒုံဘက်ကလာတဲ့ ကျောင်း ကားတွေကတော့ မော်တော်ပီကယ် အစစ်အဆေး သိပ်မရှိတဲ့ လမ်းအတိုင်းလာကြ တာကြောင့် ကျောင်းသားအများစုကတော့ ဝက်ခြံခတ်ထားတဲ့ အမိုးပေါ်ကနေပြီး ထိုင်လိုက်လာကြတာပဲ များပါတယ်။ ကျောင်းသူတွေကတော့ အမိုးအောက် အတွင်းဘက်မှာ ထိုင်းစီးကြတာပေါ့လေ။

အောက်လမ်းမကြီးမှာတော့ ဒတ်ဆန်းကားအသေးတွေနဲ့ ဟိုင်းလပ်ကား တချို့ကတော့ လိုင်းကားအဖြစ် ရောနှောပြေးဆွဲကြပါတယ်။ တစ်ခါတလေကျရင် တော့ ကားခ ချွေတာတတ်တဲ့ ကျွန်တော့်အကျင့်ကြောင့် သိမ်ကုန်းကနေ ရွှေတောင် အထိ ၇ မှတ်တိုင်စာလောက်ကို ကုန်းကျောင်း လျှောက်ပြီး သွားဖြစ်ပါတယ်။ အသွားအပြန် ကားခတစ်ကျပ် သက်သာတဲ့အတွက် ရုံးကြီးမှတ်တိုင်အတွင်းဘက်

mgyoe.com

mgyoe.com. SAMPLE BOOK

လမ်းမှာရောင်းတဲ့ တစ်ကျပ်တန် ဝက်ထမင်းကြော်ကို နံနက်စာအဖြစ် စားချင်တာကြောင့် ကားခကို ချွေတာတဲ့သဘောလည်း ပါပါတယ်။ လက်ဖက်ရည်မကြိုက်တတ်သူမို့ နံနက်စာအဖြစ် လက်ဖက်ရည်ဆိုင် ဝင်ထိုင်တတ်တာမျိုးကိုတော့ ကျွန်တော် လုပ်လေ့မရှိပါဘူး။

ဘာပဲဖြစ်ဖြစ် ကျွန်တော်နဲ့ ရဲစိုး စီးလာတဲ့ ဆိုင်ကယ် ရွှေတောင်မှတ်တိုင်မရောက်ခင် နှစ်မှတ်တိုင်အလိုမှာတော့ သဘော်သားကားလို့ ခေါ်ကြတဲ့ ဆန်နီပစ်ကပ် နံသာရောင်ကလေး ကျွန်တော်တို့နှစ်ယောက်ကို ကျော်တက်သွားခဲ့ပါတယ်။ ကားမောင်းသူရဲ့ဘေးမှာ ထိုင်သွားတဲ့ မြလေးနွယ်ကတော့ ကျွန်တော်တို့နှစ်ယောက်ကို သတိထားမိဟန် မတူပါဘူး။ ဆိုင်ကယ်ကို ဂရုစိုက်မောင်းနေတဲ့ရဲစိုးဘက်ကလည်း သတိထားလိုက်မိမယ်လို့ ကျွန်တော် မထင်ပါဘူး။ တကယ်တော့ စမ်းကြီးရပ်မှာ နေထိုင်ပြီး ဆယ်မြို့နယ်သမဝါယမ ဥက္ကဋ္ဌသားဖြစ်တဲ့ ရဲစိုးဟာ ဖခင်ရဲ့ ဂုဏ်ကိုအားပြုပြီး မောက်မာဝင့်ကြွားစွာ နေတတ်သူတစ်ယောက် မဟုတ်ပါဘူး။ လူမျိုးဘာသာ၊ ဆင်းရဲချမ်းသာ အဆင့်အတန်းမရွေး ဖော်ရွေစွာ ပေါင်းသင်းဆက်ဆံတတ်သူ တစ်ယောက်ပါ။ ရွှေနတ်တောင်အစိုးရ အထက်တန်းကျောင်းတက်ခဲ့ကြစဉ်က အခန်းချင်းမတူတဲ့အတွက် မျက်မှန်းတန်းမိရုံသာ ဖြစ်ခဲ့ဖူးတဲ့ကျွန်တော်နဲ့ ရဲစိုးကတော့ တက္ကသိုလ်ရောက်မှ မေဂျာတူ အခန်းတူဖြစ်ခဲ့တဲ့အတွက် အချိန်တိုကိုအတွင်းမှာပဲ ငယ်ပေါင်းကြီးဖော်လို ရင်းနှီးသွားခဲ့ကြတာမျိုးပါ။

ကျွန်တော်နဲ့ ရဲစိုး ကျောင်းဝင်းထဲ ရောက်ကြတဲ့အခါမှာတော့ သင့်တော်ရာနေရာတစ်ခုမှာ ဆိုင်ကယ်ကိုရပ်၊ သော့ခတ်ပြီး ကန်တင်းဘက်သွားရင်း မနက်စာစားဖြစ်ကြပါတယ်။ အချိန်တန်လို့ ကျောင်းတက်ဘဲလ်တီးတဲ့ အခါမှာတော့ အတန်းထဲ ဝင်ခဲ့ကြပြီး သက်ဆိုင်ရာဘာသာရပ်ဆရာပို့ချတဲ့ အကြောင်းအရာတွေကို လေ့လာသင်ယူမှတ်သားကြရတာပါပဲ။ နေ့လယ်ဘက် ထမင်းစားနားချိန်မှာတော့ ရဲစိုးနဲ့အတူ ကန်တင်းထိုင်ဖြစ်ကြပါတယ်။ ကန်တင်းထဲမှာတော့ ကျောင်းသားကျောင်းသူတွေ တရုန်းရုန်းဖြစ်နေတာမျိုးပါ။ စားသောက်ဆိုင်အများစုကလည်း လက်မလည်တဲ့အထိ ရောင်းကောင်းလှပါတယ်။ ကျောင်းသားအများစု သဘောတွေ့ကျတဲ့ ကိုချစ်လက်ဖက်ရည်ဆိုင်ကတော့ အရောင်းကောင်းဆုံးပေါ့လေ။ဘာပဲဖြစ်ဖြစ် ရဲစိုးနဲ့အတူ ထမင်းပေါင်းစားနေရင်းကပဲ ကျွန်တော့်ကို တစ်စုံတစ်ယောက်က စိုက်ကြည့်နေသလိုလို ခံစားလာရတဲ့အတွက် ဘေးဘီဝဲယာကို အကဲခတ်ကြည့်လိုက်တဲ့အခါမှာတော့ ကျွန်တော့်ကို သေချာစိုက်ကြည့်နေတဲ့ မစော(စောမြတ်မြတ်

mgyoe.com SAMPLE BOOK

သွင်)တို့အုပ်စုနဲ့ အတူထိုင်နေတဲ့ မြလေးနွယ်ကို တွေ့လိုက်ရတာပါပဲ။

ရဲစိုး ကျောင်းတက်မှ ကန်တင်းထိုင်ရတဲ့ ကျွန်တော့်အဖြစ်ကို မြလေးနွယ်က အံ့သြနေတာမျိုးလား။ ဒါမှမဟုတ် ပန်းချီဆွဲတဲ့ကိစ္စကို သတိရနေတုန်းမို့လား။ ဘာပဲဖြစ်ဖြစ် မျက်တောင်မခတ်ပုံစံနဲ့ စိုက်ကြည့်နေတာမို့ ရင်ထဲမှာ တစ်မျိုးကလေးဖြစ်သွားတဲ့ ကျွန်တော်ကတော့ မြလေးနွယ်ကို ပြုံးပြလိုက်မိတဲ့အတွက် မြလေးနွယ် တစ်ယောက် မျက်နှာမဲ့၊ နှုတ်ခမ်းစူပြီး မျက်နှာလွှဲသွားတာကြောင့် ကျွန်တော်လည်း အသံထွက် ရယ်လိုက်မိပါတယ်။

"ဘာရယ်တာလဲ ဝင်းထွဋ်"

ရဲစိုးရဲ့ အမေးစကားကို ပြန်မဖြေဖြစ်ခဲ့ဘဲ မြလေးနွယ်ရှိရာဘက် မေးဆတ်ပြလိုက်တဲ့အခါမှာတော့ ရဲစိုးက ချက်ချင်းသဘောပေါက်ပြီး ရယ်ပါတယ်။ ဆိုင်ထဲမှာတော့ စားသောက် စကားပြောသံတွေနဲ့ ဆူညံနေတာပါပဲ။

"ဩော်. . . အိုက်ဆိုတုပ်ကိုး။ ဘာလဲ မင်းက သူ့ကို စိတ်ဝင်စားနေတာလား"

"ဘယ်ကလာ ရဲစိုးရာ။ ခင်သန္တာသက်ချိုပြုံးကို ငါက ကြိုက်ရမှာလား။ သူ့ကိုမြင်ရင် ရယ်ချင်တာပဲ သိတယ်။ ခင်တာကတော့ တကယ်ခင်ဖို့ ကောင်းပါတယ်။ ငါလည်း သူ့ကို တော်တော်ခင်နေမိတယ်။ တစ်နေ့ကတောင် ငါ သူ့ကို မထင်မှတ်ဘဲ အစလွန်ခဲ့မိသေးတယ်။ စိတ်ဆိုးလိုက်တာများ ဆိုတာကွာ ပြောမနေနဲ့တော့ ဟဟ။ အိုက်ဆိုတုတ် အိုက်ဆိုတုတ် ဟားဟားဟား. . . "

"ဟားဟားဟား. . . "

မြလေးနွယ်ရဲ့အတင်းပြောရင်း ကျွန်တော်တို့နှစ်ယောက်စလုံး ခပ်ဟဟ ရယ်မောဖြစ်ကြပါတယ်။ တကယ်တော့ ပထမနှစ်သချ်ာရဲ့ မိုင်နာဘာသာဖြစ်တဲ့ ကစ်မစ်စတွီမှာ အိုင်ဆိုတုတ်အကြောင်း သင်ရပါတယ်။ အိုင်ဆိုတုတ်ပုံနဲ့ ပတ်သက်တဲ့ စမ်းသပ်ဖန်ပြွန်က ပုပုဝဝကြီးမို့ အရပ်ပုပြီးဝဖြိုးနေတဲ့ မြလေးနွယ်ကို ကျွန်တော်နဲ့ ရဲစိုးက သီးသန့်နာမည်ပြောင် ပေးထားတဲ့သဘောပါပဲ။ အသားဖြူဖြူ ရုပ်ခပ်ဖြောင့်ဖြောင့်နဲ့ ပုပု၊ ပြည့်ပြည့် ရန်ကုန်သား မင်းလွင်စိုးကို(ဘဲဥ)လို့ နာမည်ပြောင်ပေးထားသလိုပေါ့လေ။ မင်းလွင်စိုးက မစောကို တစ်ဖက်သတ် ကြိုက်နေသူ တစ်ယောက်ဖြစ်သလို သူ့ကို ဘဲဥ လို့ခေါ် ရင်လည်း စိတ်ဆိုးတတ်လေ့ မရှိပါဘူး။

တကယ်တော့ စုစုဝင်း၊ မိုးမိုးမာတို့နဲ့ အတူထိုင်လေ့ရှိတဲ့ မြလေးနွယ်ဟာ မိုးမိုးမာကို လွင်နိုင်က လာရစ်နေတာမျိုး။ စုစုဝင်းကို အသေးလေးက လူပျိုလှည့်

mgyoe.com

mgyoe.com SAMPLE BOOK

နေတာမျိုးနဲ့ ဆုံရင်တော့ ကျွန်တော်တို့အုပ်စုရဲ့ ရှေ့ခုံတန်းမှာ မထိုင်တော့ဘဲ တစ်ခုံကျော်က မစောတို့အုပ်စုနဲ့ သွားထိုင်တတ်တဲ့အတွက် ရည်းစားသနံကိစ္စနဲ့ ပတ်သက်ရင် စိတ်အရှုပ်မခံချင်သူတစ်ယောက်လို့ ပြောရင်ရပါတယ်။ သုံးနိုင်စားနိုင်တဲ့ မိသားစုအသိုင်းအဝိုင်းက ပေါက်ဖွားလာသူမို့ မစောတို့အုပ်စုနဲ့အတူ အတန်းလစ် ကန်တင်းထိုင်တဲ့အခါတွေလည်း ရှိတာပါပဲ။ ဒါပေမဲ့ ခေတ်မီအဝတ်အစားတွေနဲ့ ဟော့ရှော့ပုံစံ ဝတ်စားတတ်တဲ့ မစောတို့အုပ်စုနဲ့ ပါတိတ်ဝမ်းဆက်တွေသာ အဝတ်များတဲ့ မြလေးနွယ်တို့ အတူသွားကြတဲ့အခါတိုင်း မလိုက်ဖက်သလိုမျိုး ဖြစ်နေတာပေါ့လေ။

အသားညိုညို ဗလကောင်းကောင်းနဲ့ ယောကျ်ားပီသတဲ့ ကိုထွန်းဝင်းကြီးကတော့ လယ်သမားမိသားစုက ပေါက်ဖွားလာတဲ့ သထုံသားပီပီ ကျွန်တော်တို့ရဲ့ ရှေ့မှာထိုင်လေ့ရှိတဲ့ မိန်းကလေးအုပ်စုအတွက် အစ်ကိုအရင်းတစ်ယောက်လိုပဲ ဆက်ဆံရင်း ပျော်ပျော်ရွှင်ရွှင် နေတတ်တဲ့အတွက် ရဲစိုးပြီးရင် အခင်ဆုံးလူဟာ ကိုထွန်းဝင်းလို့ ပြောရင်ရပါတယ်။ ကျွန်တော်ကတော့ ထမင်းချိုင့်ပါလာတဲ့ ရက်တွေဆိုရင် ရွှေတောင်ရပ်ကွက်မှာ ငှားထားတဲ့ ကိုထွန်းဝင်းရဲ့အဆောင်ဆီ ခဏဝင် ထမင်းချိုင့်ထားပြီး ကျောင်းတက်။ နေ့လယ်ထမင်းစားချိန်ကျမှ ကိုထွန်းဝင်းနဲ့အတူ အဆောင်လိုက်ပြန်ရင်း နေ့လယ်စာ အတူစားဖြစ်ကြတာမျိုးပါ။

တကယ်တော့ အထက်တန်းကျောင်းသားတွေလို ထမင်းချိုင့်ယူလေ့မရှိကြတော့တဲ့ တက္ကသိုလ်ကျောင်းသား အများစုရဲ့ကြားမှာ ကန်တင်းထိုင်စရာပိုက်ဆံမရှိတဲ့ ကျွန်တော့်အနေနဲ့ကတော့ နံနက်စောစော အဒေါ်ချက်ထားတဲ့ ထမင်းဟင်းကို အဝစားချင်စားသွား၊ ဒါမှမဟုတ် အဒေါ်ထည့်ပေးတဲ့ ထမင်းချိုင့်ကို ယူပြီး ကိုထွန်းဝင်းရဲ့အဆောင်မှာ သွားစားရတဲ့ သဘောမျိုးပါပဲ။ အထက်တန်းတက်နေဆဲ သားသမီးနှစ်ယောက်နဲ့အတူ သစ်စက်စာရေးဦးလေးရဲ့ လစာကို မှီခိုနေရတဲ့ အဒေါ့်အနေနဲ့ကလည်း ဒီလောက်ပဲတတ်နိုင်မှာပေါ့လေ။ ကိုထွန်းဝင်းနဲ့အတူ ထမင်းစားပြီးရင်တော့ နာမည်ကြီးစပြုလာတဲ့ အဆိုတော် ထူးအိမ်သင်ရဲ့ သီချင်းတွေကို ကိုထွန်းဝင်းနဲ့အတူ ကက်ဆက်ဖွင့် နားထောင်ကြရင်း။ကိုထွန်းဝင်း ပြန်တီး၊ ပြန်ဆိုပြတာတွေကို နားထောင်ဖြစ်ရင်း မွန်းလွဲပိုင်းမှာတော့ ကျောင်းပြန်တက်ဖြစ်ကြပါတယ်။ ရဲစိုး ကျောင်းတက်တဲ့နေမျိုးတွေမှသာ ထမင်းချိုင့် မယူဘဲ ရဲစိုးနဲ့အတူ ကန်တင်းလိုက်ထိုင်ရတဲ့အထိ မပြည့်စုံသူတစ်ယောက်ဟာ ကျွန်တော်ပါ။

"ညနေအိမ်ပြန်ရင် ငါ့ကိုစာအုပ်တွေ ငှားလိုက်ဦးနော်။ လက်ချာအသစ်တွေ

mgyoe.com

mgyoe.com SAMPLE BOOK

ကိုတော့ တခြားစာအုပ်နဲ့မှတ်ပြီး ငါငှားထားတဲ့ စာအုပ်တွေ ပြန်ပေးတဲ့အခါ မင်း ပြန်ကူးထည့်လိုက်ပေါ့။ နှစ်ထပ်ကြည့်တော့ ပိုမှတ်မိတာပေါ့ သူငယ်ချင်းရာ ဟားဟားဟား"

ရဲစိုးရဲ့စကားကြောင့် အတွေးလွန်နေတဲ့ ကျွန်တော်လည်း သူနဲ့ထပ်တူ လိုက်ရယ်ဖြစ်ခဲ့ပါတယ်။ မွန်းလွဲပိုင်း အတန်းတက်ချိန် ဘဲလ်တီးသွားပြီမို့ ကန်တင်း ထဲမှာတော့ ကျောင်းသားတွေ နည်းသွားခဲ့ပါပြီ။

ကျွန်တော်တို့နှစ်ယောက် ပြန်တက်ရမယ့် မွန်းလွဲပိုင်း စာသင်ချိန်ဟာ အင်မတန် ပျင်းစရာကောင်းတဲ့ ဆရာ့ဘက်က စာရှင်းပြနေရင်လည်း အိပ်ငိုက် ချင်စိတ်သာ ပေါ်လာတတ်တဲ့ နိုင်ငံရေးသိပ္ပံ PSအချိန်မို့ စိတ်တူကိုယ်တူ ကျွန်တော် တို့ နှစ်ယောက်စလုံး ကန်တင်းမှာ ဆက်ထိုင်ကြရင်း အတန်းလစ်လိုက်တဲ့သဘောပါ။

"အေးပါကွာ မင်းလိုချင်တဲ့ စာအုပ်သာ ငှားသွားပါ။ တခြာစာအုပ်နဲ့ပဲ ငါလက်ချာလိုက်ပြီး ပြန်ရမှ ထပ်ဖြည့်လိုက်ပါ့မယ်။မင်းလည်း အချိန်လုပြီး ကျူရှင် တက်ဖို့ စဉ်းစားဦး ရဲစိုးရ။ စာအုပ်ထဲမှာ စာသာရှိပြီး ဘာတစ်ခုမှ နားမလည်ရင် လည်း အလကားပဲ"

ကျွန်တော့်စကားကြောင့် ရဲစိုးလည်း ခဏလောက် ပြုံးသွားခဲ့ပြီးနောက် မှာတော့. .

"အဲဒီကိစ္စအတွက် ငါတော့ သိပ်မပူပါဘူး။ လက်ချာတွေလိုက်ပြီး အတန်း ချိန်မှန်တဲ့ ငါ့သူငယ်ချင်းကြီးတစ်ယောက်လုံး ရှိနေတာပဲ။ မသိတာရှိရင် မင်းကို မေးရမှာပေါ့ ဟားဟားဟား"

"ဟာ. . . ငါက ကျူတာမှ မဟုတ်တာဟ။ တချို့ဟာတွေဆို ငါတောင် လည်တယ်တယ်ဖြစ်နေတာ။ မင်း လူပေါင်းမှားမယ်နော်"

"မမှားပါဘူး ဝင်းထွဋ်ရာ မင်း စိတ်ရှည်တာ ငါသိတာပေါ့။ အားကိုးပါ တယ် ဆရာရယ်။ ကျောင်းပိတ်တဲ့တစ်ရက် ငါ့ဆီလာပြီး ဂိုက်လုပ်ပေးနော်။ မရတော့ လည်းနှစ်ယောက်အတူတူ ဦးနှောက်စားကြတာပေါ့ ဟားဟားဟားဟား"

"ဟားဟားဟားဟား"

ကျွန်တော်တို့နှစ်ယောက်စလုံး တဟားဟား ရယ်မောလိုက်ကြပြီးနောက် မှာတော့ စားသောက်ထားသမျှအတွက် ရဲစိုး ကိုယ်တိုင်ငွေရှင်းပေးပြီး ကန်တင်း ထဲက ထထွက်ဖြစ်ခဲ့ကြရင်း။ ကျောင်းအဝင်အဝက စိန့်ပက်ထရစ် ဘုရားကျောင်းကြီး ရဲ့ဘေးဘက် အုတ်ခုံပေါ်မှာ အတူထိုင်ဖြစ်ကြရင်း တောင်စဉ်ရေမရ စကားတွေနဲ့ပဲ

mgyoe.com

mgyoe.com SAMPLE BOOK

အချိန်ဖြုန်းကြပါတယ်။ Ps အချိန်ကကုန်ခါနီးပြီဆိုတော့ နောက်တစ်ချိန်က ကယ်မစ်စတွီပရယ်တီကယ်အချိန်မို့ လက်တွေ့အခန်းရှေ့ကနေပြီး အပေါ် ထပ်က ဆင်းလာကြမယ့် သင်္ချာကျောင်းသားတွေကို ကြိုစောင့်ရမယ့် သဘောပါပဲ။

တကယ်တော့ ပထမနှစ် သင်္ချာမေဂျာမှာ ကျွန်တော်စိတ်အညစ်ဆုံးဘာသာဟာ ကယ်မစ်စတွီပါ။ ဓာတုထုတ်ဖော်မှု အီကွေးရှင်းတွေကို ဘေလင်စီညှိရတိုင်း ခေါင်းရှုပ်လာတတ်သလို။ လက်တွေ့ခန်းထဲရောက်တဲ့အခါတွေမှာ အက်စစ်၊ ဘေ့စ် စသဖြင့် ဓာတုဆေးရေတွေ ထိမှာ၊ စိုမှာကိုလည်း စိုးရိမ်တတ်လေ့ရှိခဲ့ပါတယ်။ ပိုပြီးစိုးရိမ်ရတာက လက်တွေ့ စမ်းသပ်ခန်းထဲမှာ အသုံးပြုရတဲ့ဖန်ထည်တွေ ကျကွဲမှာကို စိုးရိမ်တဲ့စိတ်ပါ။ တိုက်တေးရှင်းပုစ္ဆာတွေအတွက်လက်တွေ့လုပ်ရတဲ့အခါ ပီးပက်၊ ဗျူရက်၊ ကော်နီကယ်ဂလပ်စ် စသဖြင့် ဖန်ထည်တွေကို အသုံးပြုရတဲ့အတွက် ငါးယောက်တစ်ဖွဲ့လုပ်ကိုင်ရတဲ့ စမ်းသပ်မှုတွေမှာတော့ ဖန်ထည်ပစ္စည်းတစ်ခုခု ဘယ်သူ့လက်ချက်နဲ့ပဲ ကျကွဲကွဲ ငါးယောက်စလုံးစုလျော်ရတဲ့အတွက်ကြောင့်ပါ။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး မိဘကျောထောက်နောက်ခံအဆင်ပြေတဲ့ ကျောင်းသားအတွက် ပြဿနာမရှိလှပေမယ့် ကျွန်တော့်လို ဆင်းရဲသားအတွက်ကတော့ လျော်နိုင်စရာလမ်းမရှိတဲ့အတွက် ဖိစီးရတဲ့ စိတ်ပြဿနာလို့ပဲ ပြောရပါမယ်။ ကျောင်းလခ၊ စာအုပ်နဲ့ ဘောလ်ပင်ဖိုး၊ ကားခ၊ မနက်စာစရိတ်စသဖြင့် အလျဉ်မိအောင် မနည်းလုပ်နေရတဲ့အတွက် ကျွန်တော် ပူမိတာ မဆန်းပါဘူး။

ကျောင်းလခက တစ်လသုံးဆယ်ဆိုတော့ ကျောင်းလခ လွတ်ငြိမ်းခွင့်မရတဲ့ကျွန်တော့်အတွက် နှစ်လတစ်ခါ ငွေခြောက်ဆယ်ကျပ် သွင်းရတာကိုကအခက်အခဲတစ်ခုလို့ ပြောရင်ရပါတယ်။ ဒီကြားထဲ လက်ချာပေးနေရင်းကပဲပရယ်တီကယ်ဆရာမရဲ့ ဘယ်ဟာကျကွဲရင် ဘယ်လောက်၊ ဘယ်ဟာကျိုးပဲ့ရင်ဘယ်လောက် လျော်ရမယ်ဆိုတဲ့ စကားသံတွေက ကျွန်တော့်နားထဲမှာတော့ငှက်ဆိုးထိုးသံတွေလို့ ထင်မိတာပါပဲ။

အဲဒီကိစ္စတွေကို အရင်းပြုပြီး ပရယ်တီကယ်အကြောင်း သိပ်နားမလည်တဲ့မိဘတွေဆီက ပိုက်ဆံလိမ်တောင်းချင်တဲ့ သားသမီး တချို့ကတော့ “လက်တွေ့ခန်းထဲက လော်ဂရစ်သမ်ကြီးကျကွဲလို့ ငွေပို့ပေးပါ” ဆိုပြီး မိဘကို ဟာသလုပ်၊ ပုံမှားရိုက်ကြတာမျိုးပါ။ အမှန်က လော်ဂရစ်သမ်ဆိုတာ သင်္ချာတွက်တဲ့အခါ လွယ်ကူအောင်ဆိုပြီး စာရင်း၊ ဇယားကြည့်ရတဲ့ ခပ်ပါးပါး ပုံနှိပ်စာအုပ်တစ်အုပ်ပါ။

mgyoe.com

mgyoe.com
SAMPLE BOOK

ဖိုးဆစ်ပရယ်တီကယ်ကတော့ အကြမ်းခံစက်ကိရိယာ၊ ကွန်းပတ်ပစ္စည်းတွေသာများတဲ့အတွက် ကျွန်တော့်ဘက်က စိတ်ဝင်တစားနဲ့ သဘောကျတတ်လေ့ရှိတယ်လို့ ပြောရင်ရပါတယ်။

ဘာပဲဖြစ်ဖြစ် အတန်းချိန်တွေပြီးလို့ ရဲစိုးဆိုင်ကယ်နဲ့အတူ အိမ်ပြန်ကြတဲ့အခါမှာတော့ အောက်လမ်းမကြီးမှာရှိတဲ့ မင်းစာပေနဲ့စတိုးထဲ ဝင်ဖြစ်ကြပါတယ်။ ရဲစိုးတစ်ယောက် ဗလာစာအုပ်နဲ့ ဘောလ်ပင်တချို့ဝယ်ပြီး ကျွန်တော့်လွယ်အိတ်ထဲ ထိုးထည့်လာတဲ့အခါမှာတော့ ကျွန်တော်လည်း မျက်ရည်ဝဲသလိုလို ဖြစ်သွားခဲ့ရပါတယ်။ ရဲစိုးကတော့ ဘာတစ်ခုမှ အမှုမထားတဲ့ပုံစံမျိုးနဲ့ပဲ ကျွန်တော့်ဆီက သူလိုချင်တဲ့ ကျောင်းစာအုပ်တချို့ကိုတောင်းရင်း သူ့လွယ်အိတ်ထဲထည့်ပြီး သိမ်ကုန်းက သစ်စက်ဝင်းရှေ့အထိ ပြန်ပို့ပေးတာပါပဲ။

ဒါပေမဲ့ အိမ်အပြန်လမ်းမှာတော့ ညနေစောင်းနေပြီမို့ ဗိုက်ဆာလာကြတဲ့အတွက် အောက်လမ်းမကြီးရဲ့ နှစ်ဆယ့်ရှစ်အိမ်မှတ်တိုင်ကို ရောက်သွားခဲ့ကြပြီး မော်လမြိုင်ရေစိမ်မုန့်တီကို အတူစားဖြစ်ကြပါတယ်။

တောက်ကြီးဆန်နဲ့ လုပ်ထားတဲ့ မုန့်နှစ်အသားတွေကို လက်ညှစ်ဆုံထဲထည့်၊ ပွက်ပွက်ဆူနေတဲ့ ရေနွေးအိုးထဲ ညှစ်ချထားတဲ့ မုန့်ဖတ်အသားတွေမို့ ပူနွေးနွေး ချွဲပြစ်ပြစ်ကလေးနဲ့ စီးတီးတီးပုံစံမုန့်ဖတ်ဖြူဖြူကလေးတွေက မြင်တာနဲ့တင် စားချင်စရာပါ။ ငါးခူ၊ စပါးလင်၊ ချင်း၊ ကြက်သွန်ဖြူနီတွေနဲ့ ချက်ထားတဲ့ ဆီဝေ့နေတဲ့ မုန့်ဟင်းရည်ဝါဝါတွေက ကြက်သွန်နီဥတွေ ပေါပေါများများနဲ့မို့ ဟင်းရည်အနံ့နဲ့တင် ဗိုက်ပိုဆာလာသလို ဖြစ်လာကြပါတယ်။ ငှက်ပျောပင်ကြိုက်တတ်သူတွေအတွက်ကတော့ ငှက်ပျောပင်ပါတဲ့ ဟင်းရည်တစ်မျိုးကို သီးခြားထားပေးပါတယ်။ ကြက်သွန်ကြော်တွေ ညှပ်ထည့်ထားတဲ့ ရေစိမ်မုန့်တီနှစ်ပွဲ ကျွန်တော်တို့အရှေ့ရောက်လာတဲ့အခါမှာတော့ စားပွဲပေါ်မှာ ပန်းကန်ပြားကလေးတွေနဲ့ ချထားပေးတဲ့ ဇီယာအရွက်၊ ပဲတောင့်ရှည်တွေကို ချိုးဖဲ့ထည့်လိုက်ကြပြီး ငရုတ်သီးအကျက်မှုန့်ပါ ထပ်ထည့်ရင်း အားရပါးရ စားဖြစ်ကြတာပါပဲ။ ဟင်းရည်ပူပူငရုတ်သီးစပ်စပ်မို့ ခဏအကြာမှာပဲ ချွေးပြန်လာခဲ့ကြပါတယ်။

တစ်ကျပ်တန် ရေစိမ်မုန့်တီ တစ်ယောက်တစ်ပွဲ စားပြီးသွားကြတဲ့အခါမှာတော့ ဗိုက်က ဝသလိုလို မဝသလိုလိုတွေ ဖြစ်နေသေးပေမယ့် ထပ်မမှာဖြစ်တော့ဘဲ အစပ်ပြေဖို့အတွက် မော်လမြိုင်အောက်လမ်းမကြီးရဲ့ ကျားတံတားထိပ်မှာဖွင့်ထားတဲ့ ဘိန်းမုန့်ဆိုင် ဆက်သွားဖြစ်ကြတာပါပဲ။ မြေပဲများများ၊ အုန်းသီးပေါ်ပေါ်၊

mgyoe.com

mgyoe.com SAMPLE BOOK
ဘိန်းစေ့လှိုင်လှိုင်နဲ့ ထောပတ်နံ့ကလေးသင်းပြီး ကျောက်ဖရုံယိုတွေပါ ထည့်ဖုတ်ထားတဲ့ ဆီရွှဲရွှဲနဲ့ နာမည်ကြီးကျားတံတား ဘိန်းမုန့်ကတော့ မော်လမြိုင်သူ မော်လမြိုင်သားတွေရဲ့ အကြိုက်ဆုံးအစားအစာထဲမှာ တစ်ခုအပါအဝင်လို့ ပြောရင်ရပါတယ်။ ဆိုင်ဘေးမှာ တည်ခင်းထားတဲ့ စားပွဲပုပုနဲ့ တစ်မိုက်သာသာ ခုံပုကလေးပေါ်ထိုင်ကြရင်း၊ ပူပူနွေးနွေးဘိန်းမုန့်တွေကို ပလုပ်ပလောင်းနဲ့ စားကြရင်း၊ ရေနွေးကြမ်းသောက်ကြရင်းကပဲ ထမင်းပန်းကန်ပြား အလတ်စားအရွယ် တစ်ကျပ်တန် ဘိန်းမုန့်လေးခုဟာလည်း လျှောခနဲ ကုန်သွားခဲ့တယ်လို့ ပြောရပါမယ်။ အအီပြေအောင်ဆိုပြီးဘေးနားမှာဖွင့်ထားတဲ့ အအေးဆိုင်ဆီက သံပုရာသီးညှစ်ထားတဲ့ ဆေးကုလားမနှစ်ခွက်ကို ရဲစိုးက ထပ်မှာပြန်တဲ့အတွက် ဆေးကုလားမဖျော်ရည် သောက်ပြီးမှ ရင်ချောင်သလိုလို ဖြစ်သွားရတာမျိုးပါ။

ဘာပဲပြောပြော အချိန်လုပြီး ကျောင်းတစ်ရက်လာတက်တဲ့ ရဲစိုးကတော့ ဆိုက်ကား၊ မြင်းလှည်း၊ စက်ဘီးနဲ့ စူပါကပ်ဆိုင်ကယ်တွေပေါ်က မော်လမြိုင်သူ အချောအလှတွေကို မြင်တဲ့အခါတိုင်း ဆိုင်ကယ်ဟွန်းသံ တတီတီပေးရင်း။ လှည့်ကြည့်လာတဲ့ ကောင်မလေးတွေကို မျက်စိတစ်ဖက်မှိတ်ပြရင်း။ လက်တစ်ဖက်ထောင်ပြ၊ လျှာထုတ်ပြရင်း ကလူကျီစယ်နေသမျှ နောက်ကထိုင်ပြီး သဘောကျနေသူကတော့ ကျွန်တော်ပါပဲလေ။

"တီ. . . တီ. . . တီ. . ."

တီ. . . တီ. . . တီ. . ."

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ၊ ၂၈ ရက်

mgyoe.com

mgyoe.com SAMPLE BOOK

"တီ. . . တီ. . . တီ. . .
တီ. . . တီ. . . တီ. . .
တီ. . . တီ. . . တီ. . ."

တတီတီ အသံပေးရင်း အဆက်မပြတ်မြည်နေတဲ့ ဖုန်းထဲက နှိုးစက်နာရီသံကြောင့် ကျွန်တော်နိုးလာခဲ့ပြီး အိပ်ရာထဲကနေ လူးလဲထလိုက်ရပါတယ်။ အချိန်ကတော့ နံနက်လေးနာရီထိုးနေခဲ့ပါပြီ။

အခန်းထဲက မီးခလုတ်ကို နှိပ်ရင်း တံခါးဖွင့်လိုက်တဲ့ အခါမှာတော့ လေနွေးနွေးတွေက အခန်းထဲအထိ ဝင်ရောက်လာခဲ့တာပါပဲ။ မိုးမကုန်တကုန် ဆောင်းမဝင်တဝင်ကာလမို့ ရာသီဥတုကတော့ အိုက်စပ်စပ်နဲ့ ပူနေသေးတယ်လို့ ပြောရင်ရပါတယ်။ အိမ်သာတက်၊ သွားတိုက် မျက်နှာသစ်ပြီးသွားတဲ့နောက်မှာတော့ ညဦးကတည်းက ပြင်ဆင်ထားတဲ့ ခရီးဆောင်ကျောပိုးအိတ်ကို သေချာပြန်စစ်ရင်း အဝတ်အစားလဲဖို့ ပြင်ဆင်ရပါတယ်။ တီရှပ်အဖြူနဲ့ ဂျင်းဘောင်းဘီအနက်ကို ဝတ်ပြီး ခါးပတ်ပတ် အပေါ်ထပ်အကျႌ လက်ရှည်အဖြူတစ်ထည်ကို ကောက်ဝတ်လိုက်တဲ့အခါမှာတော့ ချွေးပြန်ချင်သလိုလို ဖြစ်လာတဲ့အတွက် အခန်းထဲက ပန်ကာကို ဖွင့်လိုက်ရတာပါပဲ။ လေးနာရီခွဲသွားပြီးတဲ့အခါမှာတော့ ရွှေပြည်သာ VIP ရပ်ကွက်မှာနေတဲ့ သူငယ်ချင်း မိုးမိုးအေးဆီက ဖုန်းဝင်လာခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"မိုးမိုးအေး. . . ပြော"

"နိုးနေပြီလား ဝင်းထွဋ်။ ငါလည်း နင့်ကို လေးနာရီလောက်ကတည်းက ဖုန်းဆက်နှိုးဖို့ စဉ်းစားပါသေးတယ်။ နင်နိုးလောက်မယ်ထင်လို့ မဆက်ဖြစ်ခဲ့ဘူး။ အခု အဆင်သင့်ဖြစ်နေပြီလား ဝင်းထွဋ်"

"အေး. . . ငါလည်း လေးနာရီ နှိုးစက်ပေးထားတာဆိုတော့ အဆင်သင့်ဖြစ်နေပြီပဲ ပြောပါတော့"

"အေး အဲ့ဒါဆိုရင်လည်း တက်စီဆရာကို ဖုန်းဆက်ပြီး ငါခေါ် လိုက်တော့မယ်။ နင် အိမ်ရှေ့မှာပဲ ထွက်စောင့်နေလိုက်တော့"

"အိုကေ. . . မိုးမိုးအေး၊ နင် ထွက်လာလိုက်တော့"

မိုးမိုးအေးဘက်က ဖုန်းချသွားတဲ့အခါမှာတော့ ကျွန်တော်လည်း ကားမူးပျောက်ဆေး ကြိုသောက်ရင်း ကျောပိုးအိတ်ကို အပြင်ထုတ်ရပါတယ်။ ပန်ကာပိတ်၊ မီးပိတ်၊ အခန်းတံခါးပိတ်ပြီး ကွင်းထိုးဖိနပ်ကို ကောက်စီးရင်း အိမ်ရှေ့ကတ္တရာလမ်းဘက်ထွက်ရင်း မိုးမိုးအေးတို့အလာကို ထွက်မျှော်နေမိတာပါပဲ။ ကျွန်တော်နေထိုင်ရာ ရွှေပြည်သာမြို့နယ်ကြီးကတော့ တစ်စီးတလေ ဖြတ်မောင်းသွားတဲ့ကားသံတွေကလွဲပြီး တိတ်ဆိတ်ငြိမ်သက်နေဆဲပါ။

မိုးမိုးအေး ငှားလာတဲ့ တက်စီကား အိမ်ရှေ့ရောက်တဲ့အခါမှာတော့ ကျောပိုးအိတ် ကောက်ယူရင်း ကားပေါ် တက် ခရီးဆက်ခဲ့ကြတာပါပဲ။

"မြို့ထဲစုရပ်ကနေပြီး ထွက်လာမဲ့ အဲယားကွန်းဘတ်စ်ကားက ငါးနာရီအတိ စထွက်မှာဆိုတော့ ပုလဲလမ်းဆုံကနေပြီး ငါတို့အကြာကြီး စောင့်ရမယ် မထင်ပါဘူး။ မခိုင်က ပုလဲလမ်းဆုံမှာပဲ နေတာလေ။ သူ့ကိုလည်း ငါဖုန်းဆက်ထားပြီးပြီ။ ငါတို့ရောက်တာနဲ့ သူ့ကိုဖုန်းဆက်လိုက်တဲ့။ သူ လမ်းဆုံကို ထွက်လာခဲ့မယ်တဲ့"

"အေးပါ။ ဟိုလူစောင့် ဒီလူစောင့်နဲ့ အချိန်မကြာစေဘဲ မြို့ထဲစုရပ်ကနေပြီး ငါးနာရီအတိ ထွက်ဖြစ်ဖို့ပဲလိုတာပါ။ မနက်စောစော လမ်းရှင်းနေတာဆိုတော့ မြို့ထဲကနေ ပုလဲလမ်းဆုံရောက်တဲ့အထိ သိပ်အကြာကြီးတော့ မောင်းရမယ် မထင်ပါဘူး။ ခေတ်ကာလက သိပ်မကောင်းတော့ ငါတို့သုံးယောက်စလုံး အထုပ်အပိုးတွေနဲ့ ပုလဲလမ်းဆုံမှာ အကြာကြီးစောင့်နေဖို့လည်း မသင့်တော်ဘူးထင်တယ်နော်"

"အေးပါ. . . ဝင်းထွဋ်ရယ်၊ လမ်းဆုံရောက်တဲ့အခါ အခြေအနေကိုကြည့်ပြီး ကားဆရာကို စောင့်ခိုင်းသင့် စောင့်ခိုင်းထားရမှာပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK

မိုးမိုးအေးနဲ့ ကျွန်တော် ပြောဆိုနေကြတဲ့စကားတွေကို ထောက်ခံတဲ့အနေနဲ့ တက်စီကားဆရာကလည်း သူပါအတူ စောင့်ပေးမယ်လို့ ကတိပေးပါတယ်။ ပုလဲလမ်းဆုံ ရောက်ကြတဲ့အခါမှာ လမ်းမီးတွေပျက်နေတဲ့အတွက် ကားပေါ်က မဆင်းရဲကြသေးဘဲ မခိုင်ကို ဖုန်းဆက်ရပါတယ်။ တော်တော်လေးကြာမှ မခိုင် တစ်ယောက် သူ့အမျိုးသားမောင်းတဲ့ကားနဲ့အတူ ရောက်လာတဲ့အတွက် တက်စီဆရာကို ပြန်လွှတ်ပြီး လေးယောက်သား စကားတပြောပြောနဲ့ အဲယားကွန်း ဘတ်စ်ကားအလာကို အမှောင်ထဲမှာပဲ ဆက်စောင့်ကြရတာမျိုးပါ။ ရန်ကုန်မြို့လယ်စုရပ်ကနေပြီး စတင်ထွက်ခွာလာတဲ့ လူငါးဆယ်ဆန့် အနီရောင် အဲယားကွန်းဘတ်စ်ကားကြီး ပုလဲလမ်းဆုံမှာ ထိုးရပ်လိုက်တဲ့အခါမှာ အရှေ့ဘက်ကောင်းကင်ယံမှာ ရောင်နီပျိုးစ ပြုနေခဲ့ပါပြီ။ ကျွန်တော်၊ မိုးမိုးအေးနဲ့ မခိုင်တို့ရဲ့ ခရီးဆောင်အိတ်တွေကို ကားအောက်ဘက်ထဲ ထည့်လိုက်ကြရင်း ကားပေါ် တက်လိုက်ကြတဲ့အခါမှာတော့ လက်ခုပ်သံတွေ တဖြောင်းဖြောင်း မြည်သွားတော့တာပါပဲ။

"မင်္ဂလာပါ သူငယ်ချင်းတို့. . ."

"ကြိုဆိုပါတယ် သူငယ်ချင်းတို့. . ."

"နောက်မှာ ခုံအလွတ်တွေ ရှိတယ်။ အဆင်ပြေတဲ့နေရာမှာ ကြိုက်သလို ထိုင်ကြ"

"ဝင်းထွဋ်က ဘောင်းဘီ လက်ရှည်နဲ့ လန်းနေပါလားဟ"

"သူက ဖေစ်ဘွတ်ခ်ပေါ်မှာ တစ်ကိုယ်တည်း လူပျိုကြီး သက်ကြီးမော်ဒယ်လ်လေ"

"ဟားဟားဟား"

"ဟားဟားဟား"

တရုတ်အေးမော်၊ ကိုကိုနိုင်၊ နေမျိုးသောင်း၊ ရီရီစမ်း၊ အေးမော်၊ မေသီမြင့်၊ သွယ်သွယ်အောင်၊ လွင်နိုင် စသဖြင့် တစ်ယောက်တစ်ပေါက်နဲ့ ပြောဆိုရယ်မောနေကြတဲ့ စကားကြောင့် ခပ်ရှက်ရှက်နဲ့ပဲ ရယ်ပြုံးရင်း လက်ဆွဲနှုတ်ဆက်လာသူတွေကို ပြန်လည်နှုတ်ဆက်ရင်း ကားအနောက်ဘက်က ခုံတွဲအလွတ်တစ်ခုမှာပဲ ကျွန်တော် ဝင်ထိုင်လိုက်ပါတယ်။ ကားပေါ်မှာတော့ ငယ်စဉ်က ပေါင်းခဲ့ကြတဲ့ ငယ်ပေါင်းသူငယ်ချင်းတွေနဲ့ ကျောင်းတက်စဉ်ကာလက မျက်မှန်းတန်းရုံသာ တန်းမိပြီး သိပ်မရင်းနှီးခဲ့တဲ့၊ ကြီးမှပေါင်းတဲ့ကြီးပေါင်း သူငယ်ချင်းတွေ အပါအဝင် ရန်ကုန်အခြေစိုက် သူငယ်ချင်း အယောက်သုံးဆယ်လောက် ရှိနေခဲ့ပါပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

ဘာပဲဖြစ်ဖြစ် ထွက်ပြူစ ပြုလာတဲ့ နေမင်းရဲ့အလင်းရောင်နဲ့အတူ ကားပေါ်က သူငယ်ချင်းတွေကတော့ စကားတွေ ရေပက်မဝင်အောင် ပြောကြရင်း၊ ကားသမား ဖွင့်ထားတဲ့ ကာရာအိုကေသီချင်းတွေကို သံပြိုင်လိုက်ဆိုကြရင်း ပဲခူးမြို့ကြီးဆီကို ဆက်လက်ဦးတည်ခဲ့ကြတာပါပဲ။ နံနက် ၇ နာရီလောက်မှာတော့ ပဲခူးမြို့ခံ သူငယ်ချင်း ကိုစိုးလှိုင် ပိုင်ဆိုင်တဲ့ 'ခိုင်ဇော်' လက်ဖက်ရည်ဆိုင်ရှေ့မှာ အဲယားကွန်း ဘတ်စ်ကားကြီး ရပ်နားသွားခဲ့ပါတယ်။ ကားပေါ်က ဆင်းလာတဲ့ ကျွန်တော်တို့ ရန်ကုန်အုပ်စုနဲ့ ပဲခူးမှာစောင်နေတဲ့အုပ်စု ပေါင်းစည်းသွားပြီဖြစ်တဲ့ အတွက် ခိုင်ဇော် လက်ဖက်ရည်ဆိုင်ထဲမှာတော့ ပျော်မဆုံးမော်မဆုံး တဝုန်းဝုန်း တရုန်းရုန်းနဲ့ပါပဲ။ ဘာပဲဖြစ်ဖြစ် ဆိုင်နောက်ဘက်ခဏဝင်ပြီး အပေါ့အပါး သွားကြရင်း။ ပဲခူးအုပ်စုနဲ့ ရန်ကုန်အုပ်စုတွေ တစ်ယောက်တစ်ပေါက်နဲ့ စကားတွေ ဖောင်ဖွဲ့ကြရင်း။ ဆိုင်ရှင် ကိုစိုးလှိုင်ဘက်က အခမဲ့တည်ခင်းဧည့်ခံတဲ့ နံနက်စာတွေကို စိတ်ကြိုက် မှာစားကြပြန်ပါတယ်။

သိပ်မကြာခင်မှာပဲ လက်ပံတန်းက သူငယ်ချင်း တင်ကျော်မိုးတစ်ယောက် သူ့ကားနဲ့သူ ရောက်ချလာတဲ့အတွက် ကျွန်တော်ကိုယ်တိုင် ဆိုင်ရှေ့အထိ ထွက်ကြို ပေးရင်း အဝတ်အစားအိတ်တွေ ကူသယ်ပေးရပါတယ်။

တကယ်တော့ ကျောင်းတုန်းက သူငယ်ချင်းတွေ ပြန်လည်တွေ့ဆုံကြမယ့် ကထိန်အလှူပွဲတစ်ခုကို သွားဖို့အတွက် သက်ဆိုင်ရာ ကြင်ဖော်ကြင်ဖက်၊ သားသမီး စသဖြင့် အတူခေါ်လာလို့ ရတယ်ဆိုပြီး ကြိုတင်သတ်မှတ်ခဲ့ကြတာမျိုးပါ။ အပို ခေါ်လာသူတွေအတွက် ခရီးစရိတ် ကျခံပေးရမယ်လို့ သတ်မှတ်ခဲ့ကြသလို ကျောင်း တုန်းက သူငယ်ချင်းတွေအနေနဲ့ကတော့ အဖွဲ့ရန်ပုံငွေထဲကပဲ အကုန်ကျခံပေးခဲ့ တာမျိုးပါ။ ဇနီးမယား၊ သမီးသား စသဖြင့် စရိတ်ကျခံစနစ်နဲ့ အပိုခေါ်လာတဲ့ သူငယ်ချင်းတချို့လည်း ရှိကြပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့အုပ်စုနဲ့အတူ လိုက်မယ်ဆိုပြီး ကြိုတင်စာရင်း ပေးထားတဲ့ သူငယ်ချင်း တင်ကျော်မိုးရဲ့ဇနီးနဲ့ ခယ်မဖြစ်သူကတော့ တရုန်းရုန်း ဖြစ်နေတဲ့ သူငယ်ချင်းအုပ်စုတွေကို ကြည့်ရင်း လန့်သွားသလား မသိပါဘူး။ မလိုက် ဖြစ်တော့တဲ့အကြောင်း ပြောရင်း သူတို့ကားနဲ့ သူတို့ လက်ပံတန်းပြန် သွားခဲ့ကြ ပါတယ်။ တစ်ယောက်တည်း ကျန်ခဲ့တဲ့ တင်ကျော်မိုးကတော့ ငယ်စိတ်တွေကြွ ပိုပြီး လွတ်လပ်ပျော်ရွှင်သွားတဲ့ပုံစံမျိုးနဲ့ပါပဲ။

ဘာပဲဖြစ်ဖြစ် ပဲခူးက သူငယ်ချင်းအုပ်စုတွေ ကားပေါ်တက်ပြီး ခရီးဆက်

mgyoe.com

mgyoe.com
SAMPLE BOOK

ဖြစ်ကြတဲ့အခါမှာတော့ အရင်ကထက် ပိုမိုပျော်ရွှင်လာခဲ့ပြီး ကာရာအိုကေသီချင်းတွေကို တစ်ယောက်တစ်လှည့် သီဆိုဖြစ်တော့တာပါပဲ။ သီချင်းသံတွေနဲ့အတူ ကသူက၊ ဆိုသူဆိုမို့ ကျောင်းသားဘဝက ငယ်စိတ်တွေပြန်ပေါ်လာကြပြီး ရှိရင်းစွဲအသက်ထက် ပိုမိုနုပျို လန်းဆန်းလာကြတာတော့ သေချာပါတယ်။ သူငယ်ချင်းတချို့နဲ့အတူ လိုက်ပါလာကြတဲ့ ဇနီးမယား၊ သမီးသားတွေကတော့ အံ့ဩစိတ်နဲ့တိတ်ဆိတ်ငြိမ်သက်ကုန်ကြတယ်လို့ ပြောရင်ရပါတယ်။ ဒါကလည်း ခဏပါပဲကျွန်တော်တို့ သူငယ်ချင်းအုပ်စုတွေရဲ့ အဆိုအက၊ ဟာသတွေကြားမှာ သူတို့လည်းတဖြည်းဖြည်းနဲ့ သက်ဝင်စီးမြော ပျော်ရွှင်လာကြတာ သေချာပါတယ်။

ဘုရားကြီးနဲ့ ဝေါမြို့ကို လွန်လာခဲ့ပြီးနောက်မှာတော့ အချိန်ပြည့် ဖလန်းဖလန်း မထနိုင်ကြတော့တဲ့ အသက်ငါးဆယ်ကျော်အရွယ်တွေပီပီ အဆိုအကတွေ ရပ်ဆိုင်းသွားခဲ့ကြပါတယ်။ စစ်တောင်းတံတား မုပ္ပလင်ကို ကျော်လာခဲ့ပြီးနောက်မှာတော့ ငိုက်သူငိုက်၊ စကားပြောသူပြော၊ ကိုယ့်အတွေးနဲ့ကိုယ် နေသူနေ ဖြစ်လာကြတာပါပဲ။ အချိန်ကတော့ နေမြင့်သထက် မြင့်လာခဲ့ပါပြီ။ မုပ္ပလင်နဲ့ ကျိုက်ထိုမြို့ကိုဖြတ်ကျော်လာခဲ့ပြီး ဘီးလင်းမြို့ကို အရောက်မှာတော့ နေ့လယ် ၁၁ နာရီလောက်ရှိပြီဖြစ်သလို ကျွန်တော်တို့အားလုံးလည်း ဆာနေကြပြီလို့ ပြောရင်ရပါတယ်။ ကျွန်တော်တို့အားလုံးအတွက် နေ့လယ်စာအဖြစ် တည်ခင်းဧည့်ခံမဲ့သူကတော့ ဘီးလင်းမြို့ရဲ့ ရွှေစင်ဦးဟိုတယ်ပိုင်ရှင် သူငယ်ချင်း သက်သက်ဦးတို့ ဇနီးမောင်နှံပါ။

ဘီးလင်းမြို့အဝင်က ရွှေစင်ဦး ဟိုတယ်ရှေ့ကို ကျွန်တော်တို့ကားကြီးဆိုက်ရောက်တဲ့အခါမှာတော့ သူငယ်ချင်း သက်သက်ဦးတို့ဇနီးမောင်နှံက ဟိုတယ်ဝန်ထမ်းတွေနဲ့အတူ အခမ်းအနားအပြင်အဆင်တွေနဲ့တကွ ကြိုဆိုပါတယ်။ဟိုတယ်အဝင်ဝမှာတင် တပ်ဆင်ထားတဲ့ "၁၉၈၆-၉၃ မော်လမြိုင်တက္ကသိုလ် သင်္ချာကျောင်းသား၊ ကျောင်းသူဟောင်းများအဖွဲ့အား ကြိုဆိုပါ၏" ဆိုတဲ့ ဗီနိုင်းဆိုင်းဘုတ်ကြီးက ဘောလုံးအလှတွေနဲ့ ခံ့ညားနေသလိုလိုပါပဲ။ သပ်ရပ်လှပတဲ့ သုံးထပ်ဟိုတယ်တစ်ခုမို့ ကားပေါ်ကဆင်းတာနဲ့ ဓာတ်ပုံရိုက်သူက ရိုက်၊ အအေးသောက်သူက သောက်အပေါ့အပါး သွားသူကသွားနဲ့ အလုပ်ရှုပ်ကြပြန်ပါတယ်။ ဟိုတယ် စားသောက်ခန်းမထဲ ဝင်ကြတဲ့အခါမှာတော့ ဘောလုံးတွေနဲ့ အလှဆင်ထားတဲ့ We Love Mathematics ဆိုတဲ့ ဗီနိုင်းဘုတ်နဲ့အတူ စားပွဲဝိုင်းတွေမှာ သေချာပြင်ဆင်တည်ခင်းဧည့်ခံထားတာကတော့ ဘီးလင်းမြို့ရဲ့ နာမည်ကြီး ရွှေမှုက်မှန်ထမင်းပေါင်းတွေပါ။

mgyoe.com

mgyoe.com

ကျွန်တော်တို့အားလုံး ဆာနေပြီဖြစ်တဲ့အတွက် စားပွဲကိုယ်စီမှာ အတူတူ ဝိုင်းဖွဲ့ထိုင်ကြရင်း တပျော်တပါး စားသောက်ကြရပါတယ်။ အသက်အရွယ်အရ အစားရှောင်၊ ပုံမှန်ဆေးသောက်နေရသူ တချို့ကလည်း ငယ်စိတ်တွေပေါက်ပြီး အဝတီးကြတာပါပဲ။

စားသောက်ပြီးသွားတဲ့အခါမှာတော့ ကျွန်တော်တို့နဲ့အတူ လိုက်ပါကြမယ့် ဘီးလင်းမြို့ခံ သူငယ်ချင်း ခင်နွယ်အောင်တို့အုပ်စုဘက်က ဓာတ်ပုံအတူရိုက်ချင်တယ်ဆိုတာကြောင့် ကျွန်တော်လည်း သူတို့တောင်းဆိုချက်အတိုင်း လှပတဲ့ ဟိုတည်ဧည့်ခန်းထဲမှာပဲ ရိုက်ကြပြန်ပါတယ်။ စားသောက်ခန်းထဲက ထွက်လာတဲ့ မေသီမြင့်နဲ့ ရီရီစန်းကို တွေ့လိုက်ရတဲ့အခါမှာတော့ ကျွန်တော့်ဘက်ကပဲ ဓာတ်ပုံအတူရိုက်ကြဖို့ လှမ်းခေါ်ရပါတယ်။ ကျွန်တော်၊ မေသီမြင့်နဲ့ ရီရီစန်းတို့ သုံးယောက်တစ်တွဲ ဓာတ်ပုံရိုက်နေစဉ်မှာပဲ ရီရီစန်းဆီက စကားတစ်ခွန်း ထွက်ပေါ်လာခဲ့ပါတယ်။

"မစောပါရင် သိပ်ကောင်းမှာပဲနော်"

"ဟုတ်တယ်ဟာ. . .။ ဒီခရီးက သူပါရင် ပိုပျော်ဖို့ကောင်းမှာ။ ကားပေါ်က ငါတို့တွေအားလုံးကို လိုက်စ လိုက်နောက်နေမှာ အမှန်ပဲ"

ရီရီစန်းရဲ့စကားကို ထပ်ဆင့်ထောက်ခံတဲ့အနေနဲ့ ပြန်ပြောလာတဲ့ မေသီမြင့်ရဲ့စကားကြောင့် ကျွန်တော်ဟာလည်း မစောလို့ ချစ်စနိုးခေါ်ကြတဲ့ စောမြတ်မြတ်သွင်ကို သတိရသွားခဲ့ပါတယ်။ မစောမှ မဟုတ်ပါဘူးလေ။ မိုးမိုးမာကိုလည်း သတိရတယ်။ ရဲစိုးကိုလည်း သတိရတယ်။ စုစုဝင်းကိုလည်း သတိရတယ်။ ပြီးတော့ မြလေးနွယ်ကိုလည်း သတိရနေပါတယ်လေ။ တကယ်တော့ အသက် ၃၁နှစ်နဲ့ ကွယ်လွန်သွားတဲ့ ရဲစိုး၊ အသက်လေးဆယ်လောက်မှာ ကွယ်လွန်သွားတဲ့ မိုးမိုးမာနဲ့ အသက်ငါးဆယ်နီးမှ ကွယ်လွန်သွားတဲ့ မစောတို့ သုံးယောက်စလုံး ဒီခရီးကို မလိုက်နိုင်ကြတော့ဘူးဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်။ စုစုဝင်းကတော့ ရန်ကုန်မှာ အလုပ်များနေတဲ့အတွက် မလိုက်နိုင်ကြောင်းလည်း ကျွန်တော် နားလည်ပါတယ်။ ဒါပေမဲ့ သေသလားရှင်သလား မသိရသေးတဲ့ ဘယ်သူနဲ့မှ အဆက်အသွယ်ပြန်မရသေးတဲ့ မြလေးနွယ်ကိုတော့ ဒီခရီးမှာ ပါစေချင်ခဲ့တာ ကျွန်တော့်ဆန္ဒအမှန်ပါ။ မြလေးနွယ်တစ်ယောက် ရန်ကုန်မှာပဲလား၊ ဒါမှမဟုတ် တခြားတစ်မြို့မြို့မှာလား။ မော်လမြိုင် ရောက်ရင် မြလေးနွယ်ရဲ့ သတင်းအစအန ရနိုင်သလား စက်စဲရောက်မှ သိမလား။ သေချာတာကတော့ ကျောင်းတုန်းက သူငယ်ချင်း တချို့နဲ့ ပြန်ဆုံနေရပြီ